# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၃၈)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ၊ ၂-၈-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း

ဥပဒေ စာ ၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ကျင်းပ

## မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများမရှိသင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လို

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစိုးရအဖွဲ့သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဖွဲ့စည်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒွိတာဝန်အရေး(၃)ပါး ဖြစ်သည့်

စာမျက်နှာ ၄ သို့ ❑



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ စနေနေ့။

## ဘဝတစ်ခုကိုတည်ဆောက်ရန်အတွက် ပညာရပ်တစ်မျိုးမျိုးကို တတ်မြောက်ရန် လိုအပ်မည်

လူတစ်ယောက် ဘဝတစ်ခုကို တည်ဆောက်ရာတွင် အဓိက အရေးကြီးဆုံး လိုအပ်ချက်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဖြစ်သည်။ မိဘတိုင်းသည် မိမိတို့၏ သား၊ သမီးများကို ငယ်ရွယ်စဉ်ကာလမှစ၍ စည်းကမ်းကျကျ နည်းလမ်းပြခဲ့လျှင် စိတ်ထားမွန်မြတ် စိတ်ဓာတ်ဖြူစင်ကာ အကျင့်စာရိတ္တကောင်းများအဖြစ် ဂုဏ်ယူနိုင်မည်ဖြစ်သည်။ ထို့ပြင် စည်းကမ်းဟူသည် လူတိုင်း၏ ကိုယ်ကျင့်တရားနှင့် ဆက်နွယ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ စည်းကမ်းရှိသူသည် မိမိသာမက ပတ်ဝန်းကျင်ကိုပါ စည်းကမ်းတကျနေထိုင်တတ်စေရန် အားပေးတတ်ကြသည်။ ဘဝအောင်မြင်ရေး၊ ဘဝရပ်တည်နိုင်ရေး အစရှိသည့်ကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုများနှင့် ကြုံရမည်ဖြစ်သည်။ ထိုသို့ နေရာတိုင်းတွင် ချမှတ်၊ သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်ပါက အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။


အခြေခံကျသော နည်းလမ်းကောင်းများကို သွန်သင်ဆုံးမရမည့်တာဝန်မှာ အရွယ်ရောက်လာသော ကလေးငယ်များ၏ မိဘနှင့် ဆွေမျိုးသားချင်းတို့ပင်ဖြစ်သည်။ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရုံဖြင့် မပြီးသေးပါ။ ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံးဖြစ်သည့် ပညာကိုလည်း သင်ကြားပေးရမည့်တာဝန်မှာ မိဘတိုင်းပင်ဖြစ်သည်။ ပညာရပ်ဟုဆိုရာတွင် အသိဉာဏ်ပညာ၊ လက်မှုပညာ၊ စက်မှုပညာ၊ အနုပညာ စသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာရပ်များကို သင်ကြားပံ့ပိုးပေးရမည့် အလုပ်သည် မိဘတိုင်းတွင် တာဝန်ရှိပါသည်။

ငယ်ရွယ်စဉ် ကျောင်းသားဘဝတွင် စာသင်ကြားရမည်ဖြစ်သည်။ ကျောင်းသားများ ကျောင်းနေအရွယ်တွင် စာသင်ကြားနိုင်ရေး အတန်းလိုက်အောင်မြင်နိုင်ရေးသည်လည်း မိဘများ၏ တာဝန်ပင်ဖြစ်သည်။ ပညာရေးတွင် အခြေခံကောင်းမှ ဘဝတစ်လျှောက်လုံး ဖြောင့်မတ်စွာ တက်လှမ်းနိုင်မည်ဖြစ်သည်။ အစဟူသည် ဆန္ဒဖြစ်ပြီး ဆန္ဒနှင့်အစပျိုးပါမှ အောင်မြင်မှုနှင့် အဆုံးသတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ လူငယ်များ ပညာကို လိုလိုလားလား သင်ယူချင်စိတ်ရှိရန် လိုအပ်မည်ဖြစ်သည်။ မိမိသင်ယူလိုက်သော ပညာသည် မိမိစိတ်ပါဝင်စားသော ပညာရပ်ဖြစ်ရန်လည်း လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် တက္ကသိုလ်ပညာကို ရွေးချယ်သင်ယူရမည့် လူငယ်ကျောင်းသား၊ ကျောင်းသူများအတွက် ပို၍ အရေးကြီးပါသည်။ မိမိလျှောက်ရမည့်လမ်းကို မိမိကိုယ်တိုင်ရွေးချယ်သင့်သည်။ သို့မှသာ အောင်မြင်မည်၊ ထူးချွန်မည်၊ တတ်မြောက်မည်ဖြစ်သည်။

ထို့ပြင် ပညာဟုဆိုရာတွင် အတန်းပညာကိုချည်း ဆိုလိုသည်မဟုတ်ပါ။ လောကအလယ် ရပ်တည်ရှင်သန်နိုင်ရေး ပညာရပ်တစ်မျိုးမျိုးကို တတ်မြောက်ထားရန် လိုအပ်မည်ဖြစ်သည်။ မိမိအသက်မွေးဝမ်းကျောင်းပြုမည့် ပညာရပ်အသီးသီးကို နားလည်တတ်မြောက်ထားဖို့ လိုအပ်မည်ဖြစ်သည်။ ကျောင်းသားလူငယ်များအနေဖြင့် ရိုးသားစွာအတုယူပါ။ ရိုးရိုးကျင့် မြင့်မြင့်ကြံခြင်းဖြင့် ဘဝကို ခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ အကြံကောင်း၊ ဉာဏ်ကောင်းဖြင့် လူကောင်းသူကောင်းဖြစ်အောင် ကြိုးစားရမည်လည်းဖြစ်သည်။ ရိုးရိုးကျင့်၍ မြင့်မြင့်ကြံစည်ခဲ့သူများ၏ အောင်မြင်မှုကို အတုယူရမည်ဖြစ်သည်။

လောကတွင် အမြင့်ဆုံးဟူသည် မရှိပါ။ အမြင့်ဆုံးဟု ထင်ရသောနေရာထက် ပို၍ ပို၍ မြင့်သောနေရာ ရှိစမြဲဖြစ်ပါသည်။ မြင့်မားလာလေလေ ပိုမို၍ ကျယ်ပြန့်စွာမြင်ရလေလေ ပိုမို၍ အသိပညာတိုးပွားလေလေဖြစ်သည်။ အကြံအစည် စိတ်ကူးဟူသည် လူတစ်ယောက်၏ ဘဝမြင့်မားရေးအတွက် အင်အားတစ်ရပ်ဖြစ်ရာ လောကအလယ်ရပ်တည်နိုင်ရေးအတွက် လူငယ်၊ လူရွယ်များအနေဖြင့် ပညာရပ်တစ်မျိုးမျိုးကို တတ်မြောက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၃၈)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၁**




မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်း၊ မိုးထိအောင်စည်ကျောင်းရှေ့တို့တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## စာအုပ်များလှူဒါန်းခြင်းနှင့် စာအုပ်များပညာရပ်ခွဲပေးခြင်း၊ စာအုပ်များအနှောင့်ကပ်ပေးခြင်းများ ဆောင်ရွက်



**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် (၂၇) အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်တွင် ယနေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်စာအုပ်များ စနစ်တကျထားရှိစေရေးအတွက် စာအုပ်များလှူဒါန်းကာ ကျောင်းစာကြည့်တိုက်ရှိ စာအုပ်များကို ပညာရပ်ခွဲပေးခြင်း၊ စာအုပ်အနှောင့်များကပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ကျောင်းစာကြည့်တိုက်တွင် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက မြန်မာ့ရေးရိုးပန်းချီဗုဒ္ဓဝင်စာအုပ်နှင့် ပန်းအလင်္ကာဗုဒ္ဓဖြစ်တော်စဉ်သမိုင်းစာအုပ်(၂)အုပ်ကို အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်တာဝန်ခံ အထက်တန်းပြကျောင်းဆရာဦးဟိန်းစိုးထံ လှူဒါန်းခဲ့ပြီး ယင်းစာကြည့်တိုက်တွင် တစ်ပတ်လျှင် ၂ ကြိမ်ဖွင့်ပေးပြီး သုတရသစာအုပ်ပေါင်း(၂၀၀၀)ကျော်ရှိရာ ကျောင်းသား၊ကျောင်းသူများ လာရောက်ဖတ်ရှုကြောင်း သိရသည်။

**စင်မင်းမောင်**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို
ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ( ၁ /၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ၂၀၂၅ ခုနှစ်၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၂ ကို အကိုးအကားပြု၍ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များကို ရပ်ဆိုင်းထားလိုက်သည်။

၄။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းခြင်းမပြုနိုင်သေးမီ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်သည့် ကာလအတွင်းသာ ဖြစ်သည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ(တာဝန်)

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၂၅)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃၁ ရက်နေ့တွင် အမိန့်အမှတ် (၁၁/၂၀၂၅) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆက်လက်ခန့်အပ် တာဝန်ပေးအပ်ခဲ့သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်ရန်အလို့ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၅ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်ကို နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှု အသွင်သဏ္ဌာန်နှင့် လိုက်လျောညီထွေရှိစေရန်၊ ခိုင်မာစွာ ရေရှည်ရပ်တည်နိုင်စေရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး၊ အဆိုပါဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့သည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အဓိက လုပ်ငန်းတာဝန်များဖြစ်သည့် ပြည်သူများအား လူ့အခွင့်အရေး ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး မြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်းမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ခြင်း စသည့် တာဝန်နှင့် လုပ်ငန်းများကို ရေ့လုပ်ငန်းစဉ် မူဘောင် (The Framework of Action Plan) နှင့် နှစ်စဉ်လုပ်ငန်းစီမံချက် (Operational Plan) ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးနှင့်စပ်လျဉ်း၍ ပြည်သူများ လူ့အခွင့်အရေးဆိုင်ရာ အသိအမြင် ဗဟုသုတ ရရှိစေရန် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ လူမှုအဖွဲ့အစည်းအသီးသီးအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ၄ ကြိမ်၌ တက်ရောက်သူ ၆၁၀ ဦးအား ဟောပြောခဲ့ပြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဝန်ကြီးဌာနများမှဖွင့်လှစ်သော သင်တန်းများတွင် လူ့အခွင့်အရေးသင်ခန်းစာ ပို့ချဆွေးနွေးမှု ၃၅ ကြိမ်၌ နိုင်ငံ့ဝန်ထမ်း သင်တန်းသား/ သူ ၂၈၆၈ ဦးတို့အား ပို့ချဆွေးနွေးခဲ့သည်။

၅။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက် ၁၅၉ စောင်ကို လက်ခံရရှိခဲ့ရာ တိုင်တန်းစာ စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး ၂၉ ကြိမ် ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိမရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိရာ အကျဉ်းထောင် ၅ ခု၊ အချုပ်ထောင် ၁ ခု၊ အကျဉ်းစခန်း ၇ ခု၊ ရဲစခန်း အချုပ်ခန်း ၄ ခု၊ တရားရုံးအချုပ်ခန်း ၁ ခု၊ လူငယ်သင်တန်းကျောင်း ၂ ခုနှင့် ဘိုးဘွားရိပ်သာ ၄ ခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဌာနများသို့ အကြံပြုချက် ၁၇၉ ချက် ပေးပို့ခဲ့သည်။

၆။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ကော်မရှင်၏ ဥပဒေရေးရာ ဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့လာသော ဥပဒေ (မူကြမ်း) နှစ်ရပ်အပေါ် လူ့အခွင့်အရေးဆိုင်ရာ သဘောထားအကြံပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များအနက် Convention on the Elimination of All Forms of Discrimination against Women – CEDAW အစီရင်ခံစာနှင့် Convention on the Rights of the Child – CRC အကောင်အထည်ဖော်မှု နိုင်ငံအဆင့် အစီရင်ခံစာများ ပြုစုရာတွင် ပံ့ပိုးကူညီခြင်းတို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သော မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (CEDAW-OP) တို့ကို ဘာသာပြန်ဆိုပုံနှိပ်ခဲ့သည်။

၇။ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ထိတွေ့ ဆောင်ရွက်မှုအနေဖြင့် ကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အာရှပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် အစည်းအဝေး ၁ ကြိမ်၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်လုပ်ငန်းအဖွဲ့ အစည်းအဝေး ၂ ကြိမ်၊ အဆင့်မြင့် အစည်းအဝေး ၁ ကြိမ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ နိုင်ငံတကာနှင့် ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့ အစည်းများက ကျင်းပသော လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစီအစဉ်များသို့ ၆ ကြိမ် ပါဝင်တက်ရောက်ခဲ့သည်။

၈။ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ပြုစုခြင်းနှင့် သင့်လျော်သလို ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိသည့်အလျောက် ကော်မရှင်၏ ဆောင်ရွက်ချက် သတင်းများကို ပြည်သူအများသိရှိနိုင်စေရန် နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် သတင်းစာများ၊ ကော်မရှင် Website နှင့် Myanmar National Portal တို့တွင် ဖော်ပြလျက်ရှိသည့်အပြင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်များကိုလည်း အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိသည်။

၉။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်ရေးကော်မရှင်အနေဖြင့် နိုင်ငံသားတို့၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## စာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်ပူဇော်ကန်တော့ပွဲ ပြုလုပ်

**မန္တလေး ဩဂုတ် ၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲအခမ်းအနားကို ၃၅လမ်းရှိ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဇူလိုင် ၂၅ရက် မွန်းလွဲ ၁နာရီက ပြုလုပ်ခဲ့ရာ ကန်တော့ခံ ဆရာကြီး ဦးဟန်သောင်း(ရဲဘော်ဟန်သောင်း)၊ ဆရာမကြီး ဒေါ်အေးရွှေ အေးအေးခိုင်(ပညာရေး)နှင့် ဆရာမကြီး ဒေါ်မမကြီး၊ တင်မမခိုင်(မန်းတက္ကသိုလ်)(အသင်းဥက္ကဋ္ဌ၊ မြန်မာ့ဇာတာစာပေဗိမာန် ပထမဆု ၁၉၈၅၊ မြန်မာ့ဇာတာ အမျိုးသားစာပေဆု ၁၉၈၉)၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စာပေအတွင်းရေးမှူး ဦးစိုင်းအောင်မိန်း(မိုတိုင်း)နှင့် အသင်းဝင်တို့က အသင်း၏ ဆောင်ရွက်မှုတို့ကိုတင်ပြပြီး ကန်တော့ခံများကို ကန်တော့၍ အသင်းဝင် အလှူရှင် ဦးမောင်ညိုက သက်ကြီးပညာရှင်များအား အလှူငွေကျပ်သုံးသောင်းစီ ပေးအပ်ကန်တော့ရာ ဆရာမကြီးတင်မမခိုင် (မန်းတက္ကသိုလ်)က ကျေးဇူးတင်ဝမ်းမြောက်စကားပြန်လည်ပြောကြားခဲ့ကြောင်းနှင့် မတက်ရောက်နိုင်သော ကန်တော့ခံများဖြစ်ကြသည့် ဆရာကြီး ဒေါက်တာခွန်စိုးမိုး၊ ဦးတင်မောင် မိုးသောက်ကြယ်၊ ဆရာကြီး ဦးတင်ငွေ ချစ်ပိုင်း(ဥပဒေ)နှင့် ဆရာကြီးဦးစိုးလှ စိုးလှ(ဥပဒေ)တို့အား အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ခဲ့ကြောင်း သိရသည်။

(ယာပုံ)
(ဝ၄ဝ)

ဝ-ဝ-ဝ-ဝ-ဝ



❑ ရှေ့ဖုံးမှ

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အား ဦးထိပ်ထားပန်ဆင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်လိုကြောင်း၊ အလားတူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချမှတ်ထားသည့် ဦးတည်ချက် (၄)ရပ် အား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများမရှိသင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးက ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားနိုင်သည့် လုပ်ဆောင်ချက်များကို ရှောင်ရှားကြရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရန်လိုကြောင်း၊ ပြည်သူများ၏လိုလားချက်ဖြစ်သည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ ထို့ကြောင့် ယခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်ကို နိုင်ငံတော်အကြီးအကဲက ပြည်သူများကို အသိပေးပြောကြားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲမပေးနိုင်သူများအား ကြိုတင်မဲများပေးနိုင်ရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

နိုင်ငံတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

## နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပြီး ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက အလေးပေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ စိုက်ပျိုးမြေများကို စနစ်တကျအသုံးချရန်လိုသကဲ့သို့ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းစားသုံးမှု

❖ ပြည်သူများ၏ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အဓိကကျ

❖ ထို့ကြောင့် ယခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်သည်ကို နိုင်ငံတော်အကြီးအကဲက ပြည်သူများကို အသိပေးပြောကြားပြီးဖြစ်

❖ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်

ဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာ ရရှိရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဆီဖူလုံရေးနှင့်ပတ်သက်၍ ဆီထွက်သီးနှံများမှ မိမိတို့နိုင်ငံအတွက်လိုအပ်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်သည့်အတွက် ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းဆီဖူလုံရေး၊ ဆီချေတာနိုင်ရေးအတွက် ယခင်ကတည်းက ဆောင်ရွက်လျက်ရှိသော်လည်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံများ ထုတ်လုပ်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးနိုင်သည့် နေရာများတွင် ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့်ဆောင်ရွက်၍ အထွက်ကောင်းအောင်စိုက်ပျိုးရန်နှင့် နေကြာစိုက်ပျိုးမှုအား ယခုထက် ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း။

**"နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆိုသည့်အတိုင်း လက်တွေ့ကျသည့် လုပ်ငန်းများတွင် ကျေးလက်စီးပွားရေးမြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိပြီး အဆိုပါစိုက်ပျိုးမြေများကို ထိရောက်စွာအသုံးချသွားရန်လိုကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် အသားငါးများ ပြည်တွင်း၌ ဖူလုံမှုရှိအောင် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး စသည်တို့ကိုလည်း ဒေသအလိုက် မွေးမြူသွားကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများကို နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ရန်ပုံငွေများကို ချထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများဆောင်ရွက်ရန်အတွက် နှစ်စဉ်ချထားပေးသည့် နိုင်ငံတော်ရန်ပုံငွေများကို အကျိုးရှိစွာဖြင့်အသုံးချပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီး

❖ ဆီဖူလုံရေးနှင့်ပတ်သက်၍ ဆီထွက်သီးနှံများမှ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်သည့်အတွက် ပြည်ပသွင်းကုန် အစားထိုး ထုတ်လုပ်နိုင်ရန်လို

❖ "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့" ဆိုသည့်အတိုင်း လက်တွေ့ကျသည့် လုပ်ငန်းများတွင် ကျေးလက်စီးပွားရေးမြှင့်တင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်

အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

## နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားများ၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**ဆိုသည့်အတိုင်း နိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အတတ်ပညာသည် အတန်းပညာကိုအခြေခံသဖြင့် အတန်းပညာများ မြင့်မားစေရေး မဖြစ်မနေ အားပေးဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး အလေးထားပိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနအနေဖြင့် လေ့လာသုံးသပ်သုတေသနပြုလုပ်၍ ကုစားနိုင်မည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်လာမည့် အစိုးရအနေဖြင့်လည်း နိုင်ငံ၏ ပညာရေးကဏ္ဍမြင့်မားရေးကို ဆက်လက်အားပေးဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားခဲ့ရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့်ဆေးဝါးကုသမှုပေးနိုင်ရေး ထိထိရောက်ရောက် ဖော်ဆောင်နိုင်မည့် မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ဒေသများတွင် အကြမ်းဖက်မှုနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် အားနည်းချက်များ ရှိနေသေးကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နီးနွှယ်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်သည့်အချိန်တွင်လည်း သက်ဆိုင်ရာတာဝန်ကျသည့် နယ်မြေဒေသများသို့ အမှန်တကယ်သွားရောက်တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ သွားရောက်သည့်ကာလတွင်လည်း အချိန်ကာလတစ်ခု သတ်မှတ်၍ တာဝန်ပေးအပ်သွားရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲမှ ချမှတ်ထားသည့် "ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်"၊ "လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ"၊ "ဆေးရုံတိုင်း ဆရာဝန်ရှိရမည်" ဆိုသည့် မူဝါဒအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

## နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ ရေကြီးခြင်း၊ ငလျင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများ၊ မြစ်ချောင်းများ တိမ်ကောမှုကြောင့် ရေကြီးမှုများ ဖြစ်ပေါ်လာခြင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာရေးအတွက် မိမိတို့အနေဖြင့် သစ်တောသစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ယခင်က ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှုများ တိုးတက်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များကို တိုးချဲ့စိုက်ပျိုးသွားရန် လိုကြောင်း၊ **"နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့်အတိုင်း သစ်တောဧရိယာများ၌ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အတွက် လက်ရှိအချိန်တွင်ဆောင်ရွက်ရန်လိုအပ်သည်များကို မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့မျှော်မှန်းထားသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကျရောက်ခဲ့သည့် ဒေသများ၌ မိုးတွင်းကာလဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များရှိသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း၌ သင့်တင့်သည့် ကုန်ဈေးနှုန်းများဖြစ်စေရေး ဝန်ကြီးဌာနများအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရမှုများနှင့်စပ်လျဉ်း၍ ထောက်ပံ့ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ အချိန်မီရရှိစေရေးအလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေများ ယခုထက်ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း တောင်သူများ၏ စားဝတ်နေရေးအတွက် ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် စိုက်ဧကပြည့်မီစေရေးနှင့် ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးအတွက် ဓာတ်မြေဩဇာများကိုတောင်သူများလက်ဝယ်အချိန်မီရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုကာလတွင် နိုင်ငံတော်အနေဖြင့် အခက်အခဲများကို ကျော်လွှားပြီး ဆောင်ရွက်နိုင်ခဲ့သည်များရှိပါကြောင်း၊ အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း နိုင်ငံတော်၏ရည်မှန်းချက်များနှင့် ဦးတည်ချက် (၄)ရပ်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်
# တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။







အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တိုင်းဦးစီးမှူးများ၊ ခရိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီများမှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စပါးသီးနှံနှင့် ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်း၊ နည်းလမ်း(၄)သွယ်သည် အဓိကကျပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော မြေဩဇာများ အချိန်မီ အချိုးကျ ထည့်သွင်းနိုင်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသည့် ယူရီးယားမြေဩဇာနှင့် ကွန်ပေါင်းမြေဩဇာအိတ်များကို သက်သာသောနှုန်းထားဖြင့် တောင်သူများ လက်ဝယ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ ကောက်စိုက်စက်များ၊ လက်ဆွဲကောက်စိုက်စက်များ၊ လက်ဆွဲမျိုးစေ့ချကိရိယာတို့ဖြင့် တွင်ကျယ်စွာ အသုံးပြုသွားရန် လိုအပ်ပါကြောင်း၊ လက်ဆွဲမျိုးစေ့ချကိရိယာအား ကျောက်ဆည်မြို့ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)မှ မှာယူဖြန့်ဖြူးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရန် ဒေသအလိုက် ပန်းတိုင်အထွက်နှုန်း ထွက်ရှိနိုင်သည့် စိုက်ပျိုးမြေများကို စနစ်တကျ ရွေးချယ်စိုက်ပျိုးသွားရန်၊ ကောက်ကွက်ပြည့်မီရန်၊ ပညာရပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများတွင် တောင်သူများ ပိုမိုစိတ်ပါဝင်စားစွာ လိုက်ပါဆောင်ရွက်လာကြရန်နှင့် နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်မီအောင် ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငှင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး ဦးစီးမှူးများနှင့် ခရိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီများမှ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များ၊ ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀

## စိတ်ကူးချိုချိုစာပေမှ စာအုပ်များ လျှော့ဈေးနှုန်းဖြင့် ဈေးရောင်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်လယ်စာအုပ် လျှော့ဈေးနှုန်းဖြင့် ဈေးရောင်းပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ၃၂ လမ်း၊ ၇၃ လမ်းနှင့် ၇၄လမ်းကြားရှိ စိတ်ကူးချိုချိုစာအုပ်အရောင်းဆိုင်တွင် ကျင်းပသည်။ **(အောက်ပုံ)**

စိတ်ကူးချိုချိုတိုက်ထုတ် စာအုပ်များအားလုံးကို တစ်ဦးချင်း ၂၀ ရာခိုင်နှုန်း၊ ကိုယ်စားလှယ်နှင့် စာကြည့်တိုက်များ ၃၀ ရာခိုင်နှုန်း လျှော့ချပေးသွားမည်ဖြစ်ပြီး တစ်ဦးချင်း ငွေကျပ်လေးသောင်းဖိုး ဝယ်ယူမှုတိုင်းအတွက် ၄၀ ရာခိုင်နှုန်းလျှော့ဖြင့် စာအုပ်တစ်အုပ်ထပ်မံရောင်းပေးမည်ဖြစ်ကြောင်း စိတ်ကူးချိုချိုစာအုပ်အရောင်းဆိုင်မှ သိရသည်။



စာအုပ်ဈေးရောင်းပွဲရက်အတွင်း ထွက်ရှိလာသော စာအုပ်အသစ်များမှာ ဗမိုး၏ “အင်္ဂလိပ်စကားပြောအလေ့အကျင့်”၊ ရွှေဟင်္သာဆရာတော်ကြီး၏ “ဩဝါဒကထာ”၊ မောင်ဝဏ္ဏ၏ “မောင့်အပြင် မောင့်ညီကို တွေ့မေ့အလွမ်းပြေ”၊ ဦးဖိုးလတ်၏ “ကျောင်းသုံးသီချင်းပဒေသာ”၊ မောင်ချောနွယ်၏ “မောင်ချောနွယ်အတု”၊ “ငှက်ဆိတ်တဲ့သစ်စည်း”၊ “ကဖေး”၊ အောင်လှိုင်၏ “အလုပ်နည်းနည်းဖြင့် ဝင်ငွေများများရှာဖွေနည်း”၊ ပါရဂူ၏ “ခြေသလုံးအိမ်တိုင်ဖြင့် ခရီးလှည့်လည်သွားလာခြင်း”၊ အောင်ဝင်း(စိတ်ပညာ)၏ “အောင်မြင်ပျော်ရွှင်စွာနေထိုင်ပါ”၊ မင်းခိုက်စိုးစန်၏ “ချစ်သူရဲ့ပါးတစ်ဖက်ကို ခိုးဝှက်သွားတဲ့တစ္ဆေ”၊ မြင့်စိုးလှိုင်၏ “ဆန်စသော်တာ”၊ ဇင်သန့်၏ “ဂန္ဓဝင် မစ္ဆရိယ”၊ သိပ္ပံမောင်သစ္စာ၏ “ဒေါက်တာဇီဗာဂို”၊ ရွှေဥဒေါင်း၏ “စုံထောက်ဦးစံရှားရုပ်ပြဇာတ်လမ်းများ(၅)”၊ ကာတွန်း ပိုးဇာ၏ “လေးမွန်၊ ထွေးမွန်”၊ ဆွေမင်း(ခနဖြူ)၏ “မြိုင်ရာဇာတွတ်ပီစွန့်စားခန်းများ”၊ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)၏ “သုဝဏ္ဏဘူမိသူနှင့် သီရိပစ္စယာသား”၊ နတ်နွယ်၏ “ဥပါယ်တံမျဉ်”၊ ဒေါက်တာခင်လေးမြင့်၏ “အိမ်မက်ဆန်သောဘဝ” စာအုပ်များဖြစ်ကြောင်း သိရသည်။

PNT

၀-၀-၀-၀

## မြို့သစ်မြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်နှင့် ပြပွဲဆောင်ရွက်

**မြို့သစ် ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့်အသိပညာပေးပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက တလုပ်ပင်ကျေးရွာအုပ်စု၊ ကံသာလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခွဲ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစ္စန်က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများအား အသိပညာပေးပြောကြားပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

ဝင်းအိစ္စန်(ပြန်/ဆက်)

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၁၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကြက်ခြေနီအသင်းမှ ကြီးမှူး၍ (၁၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူးများ၊ စီမံအရာရှိများ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သွေးလှူရှင်အသင်းမှ ဥက္ကဋ္ဌ၊ တရုတ်ဘာသာဌာန ပါမောက္ခ ဒေါက်တာ မောင်မောင်စိုးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဘာသာစကားဌာန အသီးသီးမှ သွေးလှူရှင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ဌာန၊ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာစုလှိုင်ဦးနှင့် အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သောကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်၍ သွေးဖောက်လက်ခံနေမှုများ၊ သွေးလှူရှင်များက စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာများပေးအပ်ခဲ့သည်။ လှူဒါန်းရရှိသော သွေးအိတ် (၁၄၅)အိတ်ကို ပါမောက္ခချုပ်က မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ဌာန၊ ရောဂါဗေဒဆရာဝန်ကြီးထံသို့ ပေးအပ်ခဲ့ပြီး မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သွေးလှူရှင်အသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်-၄)



## တောင်ပြုန်းဆုတောင်းပြည့်-ဆုတောင်းရ မြတ်စွာဘုရားဗုဒ္ဓပူဇနိယ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် တောင်ပြုန်းမင်းနှစ်ပါးပွဲတော် စတင်ကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ် တောင်ပြုန်းကျေးရွာအုပ်စုတွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် တောင်ပြုန်းဆုတောင်းပြည့်-ဆုတောင်းရ မြတ်စွာဘုရားဗုဒ္ဓပူဇနိယ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် တောင်ပြုန်းမင်းနှစ်ပါးပွဲတော်ကို ယနေ့မှ စတင်ကာ ကျင်းပပြုလုပ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံက သိရသည်။

ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် ဘုရားဖူးပြည်သူများ၊ ရိုးရာဓလေ့ ကိုးကွယ်သူများ လာရောက်ရောင်းချကြသော ဈေးသူ၊ ဈေးသားများအား စိတ်အေးချမ်းသာစွာ လာရောက်နိုင်ရန် ပွဲတော်ကျင်းပရေးကော်မတီက ဖိတ်ခေါ်ထားသည်။

"နယ်ကလာပြီး ဆိုင်လာဖွင့်တာဖြစ်ပါတယ်၊ တောင်ပြုန်းရဲ့ အဓိက လက်ဆောင်အဖြစ်ဝယ်သွားတဲ့ ရွှေငွေ ဆွဲကြိုး၊ လက်ကောက်တွေကို အဓိက လာရောင်းတာဖြစ်ပါတယ်၊ ပွဲမတိုင်မီ တစ်ပတ်လောက်အလိုကတည်းက လာဖွင့်တာဖြစ်ပါတယ်၊ ပွဲတော်မကျင်းပဖြစ်တဲ့အချိန်ကလွဲရင် ကျင်းပတဲ့အချိန်တိုင်း ကျွန်တော်တို့ဆိုင်က ဖွင့်လှစ်ပါတယ်၊ မျိုးရိုးစဉ်ဆက်လာရောက် ဖွင့်လှစ်လာတယ်လို့ ပြောလို့ရပါတယ်" ဟု ရွှေငွေ ဆွဲကြိုး၊ လက်ကောက်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရောင်းချသူတစ်ဦးက ပြောသည်။

ဘုရားပွဲတော်အဖြစ် တောင်ပြုန်းဆုတောင်းပြည့်-ဆုတောင်းရ ဘုရားဂေါပကအဖွဲ့နှင့် ဈေးသူဈေးသားများက သံဃာတော်များအား ဆွမ်းတော်ကြီးလောင်းလှူခြင်းများကို ပြုလုပ်သွားမည်ဖြစ်ပြီး ရိုးရာနတ်ပွဲအဖြစ် ချိုးရေတော်သုံးပွဲ၊ နန်းတက်ပွဲ၊ ယုန်ထိုးပွဲ၊ ထိန်ခုတ်ပွဲ၊ ပခန်းမင်းပို့ပွဲနှင့် ရွှေဘုံဆင်းပွဲတို့ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ပြုန်းပွဲတော် အစည်အကားဆုံးရက်မှာ မင်းနှစ်ပါးချိုးရေတော်သုံး အခမ်းအနား ပြုလုပ်သည့်နေ့ဖြစ်ပြီး ကျင်းပသည့်နေ့တွင် နတ်အုတ်မင်း၊ သိုးဆောင်းမိဖုရားကြီးများ၊ ဗောင်းတော်ဆောင်းအမတ်ချုပ်များ၊ နန်းထိန်းမိသားစုများက နန်းကြီးပေါ်တွင် မင်းနှစ်ပါးအား ခစားပြီးနောက် ဝေါယာဉ်ပေါ်သို့ ပင့်ဆောင်ကာ နန်းကြီးရှေ့ရှိ ဗောင်းခံရုံတွင် ချိုးရေတော်သုံးအခမ်းအနားကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အောက်ပိုင်းဒေသ၊ အလယ်ပိုင်းဒေသနှင့် အထက်ပိုင်းဒေသများရှိ ကိုးကွယ်ယုံကြည်သူများက ပန်းဆက်ပူဇော်ခြင်း၊ ငွေကြေးဆက်သခြင်းနှင့် အမွေးနံ့သာများ ပက်ဖျန်းခြင်းများကို နန်းအထိ လာရောက်ကြကြောင်း သိရသည်။

ချိုးရေတော်သုံးအခမ်းအနားတွင် နန်းအမှုထမ်းများက နံ့သာရည်၊ တရော်ကင်ပွန်းများ၊ နနွင်းရည်များကို လောင်းကာ ချိုးရေတော်သုံးခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ချိုးရေတော်သုံးပြီးသည့်အခါတွင် မင်းနှစ်ပါးအား ဝေါနှင့် ပြန်လည်ပင့်ဆောင်ပြီး ထိုသို့ ပင့်ဆောင်ရာတွင် ဆုတောင်းပြည့်ဘုရားအား ဦးတိုက်ခြင်း၊ မယ်တော်နန်း ဦးတိုက်ခြင်းများကို ပြုလုပ်ပြီး နန်းကြီးပေါ်သို့ ပင့်ဆောင်သည်။ ပွဲတော်ကို ဩဂုတ် ၈ ရက်ထိ ကျင်းပမည်ဖြစ်သည်။

တောင်ပြုန်းပွဲတော်သည် မြန်မာနိုင်ငံ၏ အထင်ရှားဆုံးပွဲတော်များအနက် တစ်ခုဖြစ်ပြီး တောင်ပြုန်းရွာရှိ တောင်ပြုန်းနတ်မင်းနှစ်ပါးကို နှစ်စဉ်ပူဇော်ပသသည့်အနေဖြင့် ကျင်းပခြင်းဖြစ်သည်။ သို့သော် အမှန်တကယ်ပွဲတော်မှာ အနော်ရထာမင်းကြီး တည်ထားခဲ့သော ဆုတောင်းပြည့်-ဆုတောင်းရဘုရားပွဲတော်ဖြစ်ပြီး ဘုရားပွဲတော်နှင့်အတူ နတ်ပွဲ ကျင်းပခဲ့ခြင်းမှ စတင်လာခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

ဝ-ဝ-ဝ-ဝ-ဝ





## သပိတ်ကျင်းမြို့နယ် အုန်းပိုင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုန်းပိုင်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၈၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အုန်းပိုင်ကျေးရွာဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြရည်နန္ဒာလူမှုကယ်ဆယ်ရေးအဖွဲ့၏ စေတနာအခမဲ့ဆေးခန်းတွင် လူနာ ၃၅ ဦးအား အခမဲ့ ဆေးကုသပေး

**မန္တလေး ဩဂုတ် ၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၇လမ်း၊ ၅၃လမ်းနှင့်၅၄လမ်းကြားရှိ မြရည်နန္ဒာလူမှုကယ်ဆယ်ရေးအဖွဲ့၏ စေတနာ(အခမဲ့)ဆေးခန်းတွင် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ဆေးခန်းလာရောက်ပြသသော လူနာ ၃၅ ဦးအား အခမဲ့ ဆေးဝါးကုသပေးခဲ့ကြသည်။

အဆိုပါစေတနာ(အခမဲ့)ကုသိုလ်ဖြစ်ဆေးခန်းကို ကြာသပတေး၊ သောကြာ၊စနေ၊တနင်္ဂနွေရက်များတွင် နံနက် ၈ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်ကာ အခမဲ့ ဆေးဝါးကုသမှုဆောင်ရွက်ပေးလျက်ရှိပြီး ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာနေရာဒေသမရွေး၊ မည်သူမဆို အခမဲ့ကျန်းမာရေးအတွက် လာရောက်ဆေးစစ်ကုသနိုင်ကြောင်း အထွေထွေရောဂါများဖြစ်သော ဆီးချို၊ သွေးတိုးအပါအဝင် အထွေထွေရောဂါများကို ဆရာဝန်ကြီးများက အကောင်းဆုံးဆေးစစ်ကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား OG ဆရာဝန်မှ စစ်ဆေးပေးခြင်း၊ ဓာတ်ခွဲမှုများမှ ကိုယ်ဝန်ဆောင်မိခင်များအား သွေးစစ်ပေးခြင်း၊ ဆေးပတ်လည်သည်အထိ ဆေးဝါးများ အခမဲ့ပေးခြင်း၊ ဆီးချိုစစ်ဆေးခြင်းတို့ကို ဆရာဝန်ကြီးများက ကိုယ်တိုင်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ အခမဲ့ဆေးခန်းအတွက် ဆေးဝါးဒါနလှူဒါန်းလိုပါက ဆေးခန်းဖွင့်ရက်တွင် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝ၇ဝ)**

ဝ-ဝ-ဝ-ဝ-ဝ

## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် အလှူငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၁**

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ နန်းရှေ့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ နှစ်ဖက်မိဘဆွေမျိုးများအားအမှူးထား၍ အလှူရှင် အောင်မြေသာစံမြို့နယ်၊ ၆၂(B)လမ်း၊ ၂၃လမ်းနှင့်၂၄လမ်းကြားနေ ဦးဝင်းမြင့် + ဒေါ်စိန်စိန်မိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်းကို ယမန်နေ့က ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနသို့ လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့်အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာနတွင်လည်းကောင်း၊ ဖုန်း ဝ၉-၈၉၂၉၅၃ဝ၈၂ သို့ ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

## ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ(JLPT) ဖြေဆိုလိုသောမြို့နယ်အား ရွေးချယ်လျှောက်ထားနိုင်မည်

**ရန်ကုန် ဩဂုတ် ၁**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပမည့် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ(JLPT)အတွက် ဖြေဆိုသူတစ်ဦးချင်းအနေဖြင့် လျှောက်ထားရာတွင် ယခုနှစ်မှစတင်၍ ရန်ကုန်စာဖြေဌာန၏ N3၊ N4 Level များနှင့် မန္တလေးစာဖြေဌာန၏ N4 Level အတွက် မိမိဖြေဆိုလိုသော မြို့နယ်အား ရွေးချယ်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

N1၊ N2 နှင့် N5 Level များ၏ စာဖြေဌာနမှာ မြို့နယ်တစ်ခုတည်းတွင် စုစည်းကျင်းပမည်ဖြစ်သဖြင့် ရွေးချယ်ရန်လိုအပ်မည်မဟုတ်ပါ။ မြို့နယ်များအလိုက် ခုံအရေအတွက်ကန့်သတ်ချက်ရှိသောကြောင့် မိမိဖြေဆိုလိုသော မြို့နယ်ရှိခုံနေရာ မကျန်ရှိပါက ရွေးချယ်၍ မရနိုင်ကြောင်း သိရသည်။

သင်တန်းကျောင်းများအတွက် နေရာချထားရာတွင် သင်တန်းကျောင်းတည်နေရာနှင့် တတ်နိုင်သရွေ့ နီးစပ်သည့်စာဖြေဌာနများတွင် နေရာချထားပေးမည်ဖြစ်သည်။ စာမေးပွဲလျှောက်ထားနည်းလမ်းညွှန်မှာhttps://cdn-prod-static-assets.sgp1.cdn.digitaloceanspace... ဖြစ်ကြောင်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ သိရသည်။

မျိုးမင်းသူရ

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Black Pink မှ Rose ၏ Toxic Till The End သီချင်းဝေဖန်မှုများစွာ ထွက်ရှိလာ




ဘလက်ပင့်ခ် အဖွဲ့ဝင် ရို့စ် ၏ တစ်ကိုယ်တော်ဂီတသစ် Toxic Till The End သီချင်း ထွက်ရှိလာပြီး အွန်လိုင်းပရိသတ်များ ဝေဖန်မှုများစွာ ထွက်ရှိလာကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဝေဖန်ချက်များမှာ ပြင်းထန်လွန်းသဖြင့် ဝိုင်ဂျီအင်တာတိန်းမင့်အနေဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ တင်းကျပ်စွာ ကိုင်တွယ်ရန် လိုအပ်နေပြီဟုလည်း ဆိုကြကာ အနုပညာအတွက် များစွာထိခိုက်နိုင်ခြေရှိသည်ဟု ဆိုကြသည်။

ဘလက်ပင့်ခ်အဖွဲ့ဝင်များ၏ သတင်းများစွာအနက် ရို့စ်၏ သတင်းမှာ အထူးခြားဆုံးဖြစ်နေပြီး ယင်းသီချင်းကို ဆူဇီအတွက် ရေးထားသည်ဟု ငြင်းခုန်နေကြသည်။ (SKY)

*-*-*-*-*-*-*



## ရို့စ်မေရီပင်က ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုနိုင်

အနောက်တိုင်းအစားအစာများထဲတွင် ထည့်သွင်းစားသုံးလေ့ရှိသော ရို့စ်မေရီပင်သည် ဆေးဖက်ဝင်ကြောင်း သိရှိပြီးဖြစ်သဖြင့် အမေရိကန်သုတေသီများ စူးစမ်းလေ့လာရာမှ ၄င်းသည် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

၄င်းတွင် ဦးနှောက်အာရုံကြောဆိုင်ရာ လုပ်ငန်းစဉ်များကို အထောက်အကူပြုသည့် ဒြပ်ပေါင်းများ ပါဝင်ပါသည်။ အထူးသဖြင့် (1,8-cineole) ဟုခေါ်သော ဒြပ်ပေါင်းသည် သင်ယူမှုနှင့် မှတ်ဉာဏ်အတွက် အရေးပါသည့် အက်ဆီတိုင်းကိုလင်း ဟော်မုန်းကို ပြိုကွဲခြင်းမှ ကာကွယ်ပေးပါသည်။

သို့ဖြစ်ရာ ထိုအပင်သည် အထူးသဖြင့် အသက်ကြီးလာသည်နှင့်အမျှ မှတ်ဉာဏ်နှင့် ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်စေရေးကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါ သုတေသီများ၏ စာတမ်းတွင် ဖော်ပြသည်။

ရို့စ်မေရီပင်သည် ပဋိဇီဝလှုံ့ဆော်ပစ္စည်းများ ကြွယ်ဝစွာ ပါဝင်ပြီး ဦးနှောက်ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးသဖြင့် ဤဖိစီးမှုသည် ဉာဏ်ရည်ကျဆင်းခြင်းကို ကောင်းမွန်အောင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။ (SCI)

## Jennifer Lopez ၏ ရင်တွင်းဒဿနများ ပြောကြားထား

ကမ္ဘာကျော် အနုပညာရှင် ဂျနီဖာလိုပက်ဇ်၏ ရင်တွင်းဒဿနစကားများကို ပရိသတ်ထံ မျှဝေပေးထားကြောင်း ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သူမတူသည့် အသံပါဝါနှင့် ကမ္ဘာကျော်အဆိုတော်တစ်ဦးဖြစ်သကဲ့သို့ သရုပ်ဆောင်ပိုင်းတွင်လည်း ထိပ်တန်းအနုပညာရှင်ဖြစ်ကာ ခန္ဓာကိုယ်လှပသော ဂျနီဖာလိုးပက်ဇ်က သူ့ဘဝနှင့်ယှဉ်၍ ရင်တွင်းဒဿနများ ပြောကြားထားသည်။

"မင်း အားနည်းချက်ကို မင်းဘာသာ ဖိနင်းမယ့်အစား အားသာချက်ကို ကောင်းကောင်း အသုံးချပြီး အလုပ်လုပ်ပါ"၊ "ဘယ်ရောက်ရောက် လမ်းမပျောက်ချင်ရင် ကိုယ်လာရာလမ်းအစကို ဘယ်တော့မှ မေ့မပစ်လိုက်ပါနဲ့"၊ "ရှင့်နှလုံးသားနောက်ကို လိုက်ပါ။ တစ်ခါတလေ နာကျင်ရပေမယ့် နောင်တရတာထက် အမြဲပိုကောင်းတယ်"ဟူ၍ ဖြစ်သည်။ (SKY)



## Toey Pongsakorn က Y စီးရီးရိုက်ရန် စိန်ခေါ်



ထိုင်းအနုပညာရှင်တိုနီပွန်ဆာကွန်သည် လက်ရှိခေတ်စားနေသည့် ဝိုင်စီးရီးရိုက်ကူးရန် ဘဝတွင် ပထမဆုံးအကြိမ် စိန်ခေါ်ကြည့်ရန် ဆုံးဖြတ်ခဲ့သည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တိုနီပွန်ဆာကွန်သည် အနုပညာလောကထဲသို့ ခြေချကတည်းက ဒရာမာကား၊ အက်ရှင်ကားများတွင်သာ ပါဝင်ခဲ့ပြီး လက်ရှိ ဝိုင်စီးရီး(ဘီအယ်လ်ကား)ရိုက်ကူးရန် စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

တိုနီပွန်ဆာကွန်က ကိုယ့်ကိုယ်ကိုယ် စိန်ခေါ်ကြည့်ချင်ကြောင်း၊ ဇာတ်လမ်းအတော်များများတွင် ပါဝင်သရုပ်ဆောင်ဖူးပြီး သရုပ်ဆောင်တစ်ဦးအနေနှင့် အချစ်ဇာတ်လမ်းတိုင်း လှပနေရန် လိုအပ်ပြီး လုံလောက်သည့် ဖွံ့ဖြိုးမှု၊ အရည်အသွေးများရှိရန် လိုတော့လိုအပ်သည်ဟု အင်တာဗျူးတစ်ခုတွင် ပြောကြားထားသည်။ (SKY)




## G Dragon ၏ Good Day ပထမပိုင်းလွှင့်အပြီး ထိပ်ဆုံးစာရင်းဝင်ခဲ့

ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းသည် ကြီးမားသော ရည်ရွယ်ချက်နှင့် အနုပညာအစုံအလင် ပါဝင်သည့် Good Day အစီအစဉ်ကို ဖန်တီး၍ သံစုံတေးဂီတအဖြစ် ဖော်ဆောင်မည်ဖြစ်ရာ ပထမပိုင်းနှင့်ပင် ထိပ်ဆုံးစာရင်းဝင်ခဲ့သည်။ ဂျီဒရယ်ဂွန်ကိုယ်တိုင် တေးရေး၊ ထုတ်လုပ်သူ ဖြစ်သည်။

အင်တာဗျူးတစ်ခုတွင် ဂျီဒရယ်ဂွန်က အနုပညာရှင်များစွာနှင့် သံစုံတေးဂီတအဖြစ် ဖော်ဆောင်ချင်ကြောင်း အနုပညာနယ်ပယ်စုံမှ ဖိတ်ကြားထားသူများနှင့် ယခင်ရှိခဲ့သည့် ကိုရီးယား သံစုံ တေးဂီတပုံစံ ဖန်တီးချင်ကြောင်း ပြောကြားထားသည်။

လွန်ခဲ့သော ၁၅ နှစ်က သီချင်း Butterfly ကို Good Day Music Variety Showတွင် ထည့်သွင်းထားရာ လူကြိုက်များပြီး အားပေးမှုထပ်မံရရှိထားသည်။

(SKY)

*-*-*-*-*-*-*

## Black Pink မှ Jisoo က Monthly Boyfriends လက်ခံရိုက်ကူးထား

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျီဆိုသည် ၂၀၂၆ ခုနှစ်တွင် ထုတ်လွှင့်မည့် Monthly Boyfriends ကို လက်ခံရိုက်ကူးထားပြီး ပရောဂျက်များစွာတွင် ပါဝင်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဆိုနှင့် အဆိုပါဇာတ်ကား အင်တာဗျူးတွင် အလုပ်မှ ကောင်းမွန်သည့် လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ရပြီး ခွန်အားဖြစ်ခဲ့ကြောင်း၊ ပွဲဦးထွက်ကိုးနှစ်အတွင်း အကြီးမားဆုံး အောင်မြင်မှုမှာ ဘလက်ပင့်ခ်ဖြစ်ပြီး ပြောင်းလဲသွားမည်မဟုတ်ကြောင်း၊ ပရောဂျက်များစွာ လက်ခံရခြင်းမှာ မတူညီသည့် ကိုယ်ရည်ကိုယ်သွေးများနှင့် အရာအားလုံးကို ချပြချင်ပြီး ပရိသတ်ကို အကောင်းဆုံးများသာ ပေးလိုသည့် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။





(SKY)

## Wang Yibo ၏ Chanel J 12 Bleu နာရီသစ်မှာ တည်ငြိမ်မှုနှင့် နက်ရှိုင်းမှုကို ခံစားရ

တရုတ်နာမည်ကြီး အနုပညာရှင် ဝမ်ရိဘိုသည် Chanel J 12 Bleu ၏ အသစ်ထုတ်လိုက်သည့် Limited Edition နာရီကို ပထမဆုံးပိုင်ဆိုင်သော အနုပညာရှင်ဖြစ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါနာရီသစ်သည် နေ့နှင့် ည ပြောင်းလဲမှု၏ လျှို့ဝှက်ချက်ကို ဒိုင်ခွက်ထဲတွင် ဖုံးကွယ်ထားပြီး လက်ကောက်ဝတ်မှ အပြာရောင်က မိုးအလင်းရောင်နှင့် တစ်ထပ်တည်းကျနေသည်။

ဝမ်ရိဘို၏ နာရီသစ် Chanel J 12 Bleu Limited Edition မှာ တည်ငြိမ်မှုနှင့် နက်ရှိုင်းမှုကို ခံစားရပြီး စက္ကန့်တိုင်းပေါ့ပါးစွာ ဖြတ်သန်းနိုင်ရန်အတွက် Chanel သံတမန်အတွက် ပထမဆုံး ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ဝမ်ရိဘိုမှာ နာရီစုဆောင်းတတ်သော ဝါသနာပါပြီး သူ၏နာရီများမှာ နောက်ခံရာဇဝင်များနှင့် ဆယ်လုံးတိတိ ပိုင်ဆိုင်ထားသူ ဖြစ်သည်။

(SKY)









# ထိုင်း-ကမ္ဘောဒီးယား နယ်နိမိတ်ဆိုင်ရာ ဆွေးနွေးပွဲ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်၌ ကျင်းပမည်

ဖနောင်ပင် ဩဂုတ် ၁

ကမ္ဘောဒီးယားနိုင်ငံက လာမည့်သီတင်းပတ်တွင် မလေးရှားနိုင်ငံ၌ နယ်နိမိတ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပရန် ထိုင်းနိုင်ငံ၏ အဆိုပြုချက်ကို ကြိုဆိုကြောင်း ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ယနေ့ ပြောကြားသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်၌ အထွေထွေနယ်စပ်ရေးရာကော်မတီ အစည်းအဝေး ကျင်းပရန် ထိုင်းနိုင်ငံ၏ အဆိုပြုချက်ကို ကမ္ဘောဒီးယားက ကြိုဆိုကြောင်း ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး မလီဆိုချီတာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။





အဆိုပါတွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံအတွက် ရလဒ်ကောင်းများထွက်ပေါ်မည်ဟု မျှော်လင့်ပါကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီး တီးဆိုင်ဟာနှင့် ထိုင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီး နက်တာဖွန်နာဖာနစ်တို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

တင်းမာမှုများ လျှော့ချရန်နှင့် နယ်စပ်လုံခြုံရေး ပြဿနာများကို ငြိမ်းချမ်းစွာ အပြုသဘောဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီး နက်တာဖွန်နာဖာနစ်က အလေးပေး ပြောကြားခဲ့သည်။

ဇူလိုင် ၂၄ ရက်က ကမ္ဘောဒီးယားနှင့် ထိုင်း တပ်မတော်တို့အကြား အငြင်းပွားနယ်စပ်တစ်လျှောက် လက်နက်ကိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဇူလိုင် ၂၈ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့သည်။

အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်ပြီးနောက် ဖမ်းဆီးရမိသော ကမ္ဘောဒီးယားတပ်မတော်သား အယောက် ၂၀ အနက် နှစ်ဦးကို ထိုင်းတပ်မတော်က ဩဂုတ် ၁ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး မလီဆိုသီတာက ပြောသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ရှိ ဟီသရိုးလေဆိပ်ကို ပေါင် ၄၉ ဘီလီယံ အကုန်အကျခံ၍ ချဲ့ထွင်မွမ်းမံမည်

လန်ဒန် ဩဂုတ် ၁

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တော်ရှိ ဟီသရိုးလေဆိပ်ကို စတာလင်ပေါင် ၄၉ ဘီလီယံ အကုန်အကျခံ၍ ချဲ့ထွင်မွမ်းမံမည့် အသေးစိတ်စီမံကိန်းကို ယမန်နေ့က ထုတ်ဖော်ပြသခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုလေဆိပ်သည် လက်ရှိတွင် ကုန်သွယ်မှုနှင့် ချိတ်ဆက်မှုများကို ထိခိုက်စေသည့် စွမ်းဆောင်ရည်ဖြင့်သာ လည်ပတ်နေသဖြင့် ချဲ့ထွင်ရန် အရေးတကြီးလိုအပ်လျက်ရှိရာ ရန်ပုံငွေကို ပုဂ္ဂလိကကဏ္ဍမှ ထောက်ပံ့မည်ဖြစ်ကြောင်း ဟီသရိုးလေဆိပ်၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ သောမတ်စ်ဝုဖ်ဘီက ရှင်းလင်းပြောကြားသည်။



အစိုးရသည် တတိယမြောက် လေယာဉ်ပြေးလမ်းအတွက် စီမံကိန်းများကို ထောက်ခံခဲ့ပြီး အဆိုပါလေဆိပ်သည် ဗြိတိန်ကို စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ကမ္ဘာ့အကောင်းဆုံး ဆက်သွယ်ရေးနေရာဖြစ်လာစေမည်ဟု ဘဏ္ဍာရေးဝန်ကြီး ရေချယ်ရီဗက်စ်က ထောက်ခံပြောကြားသည်။

သို့ရာတွင် လန်ဒန်မြို့တော်ဝန်ဆာ ဆာဒစ်ခန်ကမူ ယင်းစီမံကိန်းသည် ဆူညံသံ၊ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပန်းတိုင်များ ပြည့်မီရေးအပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိစေလိမ့်မည်ဟု ထောက်ပြခဲ့ကြောင်း သိရသည်။ Mon

INTERNATIONAL

NEWS

နိုင်ငံတကာသတင်းများ

# ပြစ်ဒဏ်အခွန်အသစ်များ အကျိုးသက်ရောက်ခြင်း ရပ်ဆိုင်းရန် မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘောင်း သဘောတူညီခဲ့

မက္ကဆီကို ဩဂုတ် ၁

မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘောင်းက အမေရိကန်သမ္မတ ဒေါနယ်လ်ထရမ့်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုရာတွင် ကုန်သွယ်မှုသဘောတူညီချက် တစ်ရပ်အတွက် ရက် ၉၀ ရယူနိုင်ခဲ့ပြီး ပြစ်ဒဏ်ခတ်အခွန်အသစ်များ အကျိုးသက်ရောက်ခြင်းကို ရပ်ဆိုင်းရန်သဘောတူညီခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းသဘောတူညီချက်ကြောင့် စတင်အကျိုးသက်ရောက်ရန် စီစဉ်ထားသော ကုန်သွယ်ခွန် ၃၀ ရာခိုင်နှုန်းကို ရှောင်လွှဲနိုင်ခဲ့သည်။

သမ္မတရှိန်ဘောင်းက အဆိုပါ ကြေညာချက်အပြီး ပုံမှန်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းကဲ့သို့ ခေတ္တရပ်ဆိုင်းမှုက အမေရိကန်-မက္ကဆီကို-ကနေဒါ သဘောတူညီချက်ကို အကာအကွယ်ပေးမည်ဖြစ်ပြီး သဘောတူညီချက်နှင့် ကိုက်ညီသော ကုန်ပစ္စည်းများသည် ထရမ့်က ယခုနှစ်အစောပိုင်းတွင် ဖင်တနေးလ်အကျပ်အတည်းကြောင့် ချမှတ်ခဲ့သော ၂၅ ရာခိုင်နှုန်း ကုန်သွယ်ခွန်မှ ဆက်လက်ကင်းလွတ်ခွင့်ရမည်ဟု ပြောဆိုခဲ့ကြောင်း သိရသည်။ Mon

# ပိပရာဝကျောက်မျက်ရတနာများ လေလံတင်ရောင်းချမှု ဖျက်သိမ်းပြီးနောက် ပြည်သူလူထုအမြဲမပြတ် ကြည့်ရှုလေ့လာနိုင်ရန် အိန္ဒိယ၌ ပြသသွားမည်ဟု ဆို

ဒေလီ ဩဂုတ် ၁

ဗုဒ္ဓဓာတ်တော်မွေတော်များနှင့် ဆက်စပ်သည့် ပိပရာဝကျောက်မျက်ရတနာများ မေလတွင် ဟောင်ကောင်၌ လေလံတင်ရောင်းချရန် စီစဉ်ထားခဲ့သည်ကို အိန္ဒိယအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာခေါင်းဆောင်များ၏ ဖိအားပေးမှုကြောင့် ယခု ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဓိကအားဖြင့် အိန္ဒိယအစိုးရ၏ သံတမန်ရေးရာ ဝင်ရောက်စွက်ဖက်မှုနှင့် ဥပဒေကြောင်းအရ အရေးယူမည်ဟု ခြိမ်းခြောက်ခဲ့ခြင်းတို့ကြောင့် ရှေးဟောင်း သုတေသနပညာရှင်များက ခေတ်သစ်ကာလတွင် အံ့မခန်းဖွယ်တွေ့ရှိမှုတစ်ခုအဖြစ် ဖော်ပြခဲ့သော ထိုကျောက်မျက်ရတနာများ လေလံတင်ရောင်းချမှုကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်မျက်ရတနာများကို မွန်ဘိုင်းအခြေစိုက် ကုမ္ပဏီကြီးဖြစ်သည့် ဂိုဒရက်ဂျ်ကုမ္ပဏီအုပ်စုက ညှိနှိုင်းဝယ်ယူခဲ့ပြီးနောက် အိန္ဒိယနိုင်ငံတွင် ပြည်သူလူထု အမြဲမပြတ် ကြည့်ရှုလေ့လာနိုင်ရန် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0





# စီ၉၀၉လေယာဉ်၏ ဆေးဘက်ဆိုင်ရာပုံစံကို တီထွင်ကာ ဝေဟင်ဆေးဘက်ဝန်ဆောင်မှုများမြှင့်တင်ရန် ရည်ရွယ်ထား

ပေကျင်း ဩဂုတ် ၁

တရုတ်နိုင်ငံ၏ အကြီးဆုံး ခရီးသည်တင်ဂျက်လေယာဉ် ထုတ်လုပ်သည့် လုပ်ငန်းဖြစ်သော ကိုမက်ကုမ္ပဏီသည် ၎င်း၏ စီ၉၀၉လေယာဉ်၏ ဆေးဘက်ဆိုင်ရာပုံစံကို တီထွင်ခဲ့ပြီး နိုင်ငံ၏ ဝေဟင်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများကို မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စီ၉၀၉လေယာဉ်ဆေးကုခန်းတွင် လူနာလိုအပ်ချက်နှင့် လုပ်ငန်းတာဝန် လိုအပ်ချက်များအပေါ် အခြေခံ၍ ပုံစံအမျိုးမျိုး စိတ်ကြိုက်ပြောင်းလဲနိုင်သည့် အတွင်းခန်းဒီဇိုင်း ပါဝင်သည်။

၎င်းကို အရေးပေါ် ရှေးဦးသူနာပြုစုခြင်းနှင့် လူနာပို့ဆောင်ခြင်းနှစ်မျိုးစလုံးအတွက် အသုံးပြုနိုင်ကြောင်း ယင်းလေယာဉ် အမျိုးအစား၏ အဓိကဒီဇိုင်နာ ချန်ယုန်က ပြောကြားခဲ့သည်။

ပုံမှန် စီ ၉၀၉ ဆေးဘက်ဆိုင်ရာပုံစံ၏ အတွင်းခန်းသည် ကွဲပြားသော အဓိကလုပ်ဆောင်ချက်သုံးခုဖြစ်သည့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူဇုန်၊ ပံ့ပိုးကူညီသူများဇုန်နှင့် အထူးကြပ်မတ်ကုသရေးယူနစ်ဇုန်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Mon

တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့မှ အသည်းကင်ဆာလူနာတစ်ဦးကို ပြင်သစ်နိုင်ငံရောက် တရုတ်ဆရာဝန်များ ယမန်နေ့က စက်ရုပ်လက်တံသုံးခွဲစိတ်ကုသမှု ဆောင်ရွက်အပြီး အဖွဲ့သားများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးနေကြစဉ်။

Mon



STOP AIDS



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မောက်မယ် ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(မောက်မယ်)နှင်းဆီဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့မစခန်းမှူး ဒုရဲမှူး မြင့်မောင်က ကျောင်းသား၊ ကျောင်းသူလူငယ်၊ လူရွယ်လေးများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ Quick Win အစီအမံငါးရပ်တွင် ပါဝင်သည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်စဉ် သိရှိလိုက်နာရမည့်အချက်များ၊ ဂရုပြုရမည့် လမ်းညွှန်အမှတ်အသားများ၊ ယာဉ်မောင်းနေစဉ် အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရန်၊ နှစ်ဦးထက် ပိုမိုတင်ဆောင်ခြင်း မပြုရန်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရန်၊ ရှောင်ရန်အချက်များဖြစ်သည့် မော်တော်ဆိုင်ကယ်စီးသူများ အရည်အသွေးပြည့်မီသောဆိုင်ကယ်စီးဦးထုပ်များ ဆောင်းထားခြင်း ရှိ၊ မရှိ၊ မေးသိုင်းကြိုးများတပ်ဆင်ခြင်း ရှိ၊ မရှိ၊ လမ်း၏ယာဘက်တွင်ကပ်၍ မောင်းနှင်ကြရန်၊ မော်တော်ဆိုင်ကယ်များတွင် ဘေးတွဲတပ်ဆင်အသုံးပြုခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိ၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးကို ထိခိုက်စေပြီး ဆိုးကျိုးနှင့် အသက်အန္တရာယ်များစွာ ဖြစ်ပေါ်လာနိုင်ကြောင်း ရှင်းလင်းပြောကြားပြီး ရဲအုပ်တင်စိုးက မှုခင်းကျဆင်းရေး အသိပညာပေးအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြား၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အချက်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## လိုင်စင်မဲ့မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိ

**တံတားဦး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ရှိ၊ မရှိ စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တံတားဦးမြို့၊ တံတားဦး-မြို့သာ ကားလမ်းပေါ်တွင် မြို့အဝင်၊ အထွက်ဂိတ်များ၌ သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တံတားဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းနိုင် ဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မော်တော်ယာဉ်များအား လိုင်စင်၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖြတ်သန်းသွားလာပါက ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရေးအတွက် ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၀၉)



## ပြင်ဦးလွင်-မန္တလေး အဆင်းလမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

**ပြင်ဦးလွင် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မိုင်တိုင်အမှတ် ၁၆/၁၇မိုင်၊ ပြင်ဦးလွင်-မန္တလေး အဆင်းလမ်းတွင် ဇူလိုင် ၃၁ ရက် ည ၇ နာရီက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း - - - - မောင်းနှင်ပြီး ယာဉ်နောက်လိုက် - - - - လိုက်ပါလာသော MDY/5M- - - - တွဲအမှတ် 1TLR- - - - SINO (၂၂)ဘီးယာဉ်သည် ပြင်ဦးလွင်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ MDY-18/- - - - TOYAOTA HIACE ယာဉ်၏ နောက်ပိုင်းအား ဝင်တိုက်ခဲ့ပြီး (၂၂)ဘီးယာဉ်သည် ပေ ၅၀ အနက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

အခင်းဖြစ်နေရာသို့ ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ ရတနာပုံမြို့သစ်နယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဘုန်းနွယ်သွေးနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြပြီး သေဆုံးသူ (၂၂)ဘီးယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၅၇)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ Future ကားရေဆေးဝင်းအတွင်း၌ ရပ်တန့်ထားသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Chind win Star Truck တစ်စီးကိုလည်းကောင်း၊ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ ရပ်တန့်ထားသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

(ဝဲပုံ)




အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ တရားမဝင်စက်သုံးဆီဓာတ်ဆီပီပါ၂၀၊ ဒီဇယ်ဆီ ၁၆ ပီပါကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၂စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၅ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ဇူလိုင် ၂၈ ရက်က မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကွမ်းခြံရိုးကျေးရွာအနီး၊ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် (၁၁)မိုင် တစ်ဖာလုံနှင့် နှစ်ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သာစည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သာစည်ဘက်မှ မိတ္ထီလာဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သီရိမင်္ဂလာရပ်ကွက်နေ - - - - - - - - မောင်းနှင်လာသည့် MDY-14/9K- TOYOTA PASSO မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လားရာတူရှေ့မှ သာစည်မြို့နယ်၊ - - - - ကျေးရွာနေ - - - - - - - - - ဆိုသူမောင်းနှင်သည့် ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ပြည့်စုံခိုင် ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့သဖြင့် ဌေးလွင်အား သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀

## ဝန်းသို-ပင်လယ်ဘူးနှင့် မဲဇာဆက်သွယ်ထားသည့် လမ်းမကြီးပေါ်သို့ မြေပြိုကျမှုဖြစ်ပွား၊ ပူးပေါင်းရှင်းလင်းပယ်ရှား

**စစ်ကိုင်း ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ ရွှေဝန်းသီတာရပ်ကွက်၊ ကျော်ထွန်းရပ်ရှိ ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းမကြီးနှင့် ဝန်းသို-မဲဇာလမ်းအား ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်သို့ ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီခန့်က မြေပြိုကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဝန်းသိုမြို့နယ် မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာအဖွဲ့တို့ ပူးပေါင်း၍ စက်ယန္တရားများ၊ လူအင်အားများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်ရာ ညနေ ၅နာရီတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

(ယာပုံ) (၀၄၅)









ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ချမ်းမြသာစည်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁

ချမ်းမြသာစည် မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည် မြို့နယ် မြို့သစ်(၃)ရပ်ကွက် ၁၁၀ လမ်းတွင် ပြည်သိမ်းမောင်းနှင်ပြီး စိုင်းဖြိုးမင်းနိုင်နှင့် သက်ထွဋ်ဦးတို့ လိုက်ပါလာသည့် MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆေးပြား ၃၉၃၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၉၆၅ သိန်း)၊ စိတ်ပြောင်းဆေးဝါး (HAPPY WATER) ၀ ဒသမ ၉၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၁၄၀) တို့ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက်ရှိ ပြည်သိမ်းငှားရမ်းနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်မှ စိတ်ပြောင်းဆေးဝါး (HAPPY WATER) ၀ ဒသမ ၂၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၆၄ သိန်း)နှင့် ကတ်တမင်း ၀ ဒသမ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၆၀) ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၄ နာရီခွဲတွင် သတင်းအရ တိုက်ကြီးမြို့နယ် ဥပ္ပံ့စုရပ်ကွက် မြဝတီလမ်းရှိ ဒေါ်စိုးစိုးရီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီညီအောင်(ခ) ရာစင်းအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၃၂ သိန်း) ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ် ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@myogyi4665" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂)ရပ်ကွက်(မြောက်)နေ လှဦးအား မွန်းလွဲ ၁ နာရီခွဲတွင် သာကေတမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## လူငယ်စုံတွဲများကို Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်

နေပြည်တော် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်၌ လူငယ်စုံတွဲများကို Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်နေ မောင်-----၊ ၂၆/၂၀၂၅ နှစ်နှင့် ၎င်း၏ ရည်းစားဖြစ်သူ မ-----၊ ၁၈/၂၀၂၅ နှစ်တို့မှ ခင်မင်ရင်းနှီးသည့် ရွှေပြည်သာမြို့နယ်နေ မယုဝတီထံ အလုပ်လုပ်လိုကြောင်း အကူအညီတောင်းခံခဲ့ရာ မယုဝတီမှ အလုပ်ရမည်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် နဝဒေးအိမ်ရာသို့ လာရောက်ရန် ခေါ်ဆောင်သဖြင့် သွားရောက်ခဲ့ရာ နေအိမ်၌ မယုဝတီနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဇင်မင်းဦး၊ တရုတ်ဘာသာပြန် ရဲရင့်ဦး၊ တရုတ်နိုင်ငံသား ဒါရိုက်တာ အားဂျယ်၊ ကြီးကြပ်သူ Lin Te၊ Sex Video ရိုက်ကူးသူ Wang Xiaofeng တို့နှင့်အတူ လူငယ်စုံတွဲနှစ်တွဲအား တွေ့ရှိခဲ့ပြီး ၎င်းတို့ စုံတွဲသုံးတွဲအား Sex Video ရိုက်ကူးသည့် အလုပ်လုပ်ကိုင်ရမည်၊ လုပ်အားခအနေဖြင့် တစ်လလျှင် ငွေကျပ် ၁၁ သိန်းမှ ၁၆ သိန်း ခန့်ရရှိမည်ဟု စည်းရုံးပြောဆို၍ Sex Video သုံးကြိမ်စီရိုက်ကူးကာ ချီထိုက် Application မှတစ်ဆင့် Live လွှင့်တင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် Sex Video ရိုက်ကူးကာ Live လွှင့်တင်ခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများဖြစ်သည့် မယုဝတီနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဇင်မင်းဦး၊ တရုတ်ဘာသာပြန် ရဲရင့်ဦး၊ တရုတ်နိုင်ငံသား အားဂျယ်(တိမ်းရှောင်)၊ Lin Te နှင့် Wang Xiaofengတို့ကို လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်း (ပ) ၃၂၅/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)(ခ)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၃၈)၊ စစ်ခုံရုံးဥက္ကဋ္ဌက ဖမ်းမိတရားခံ ငါးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)(ခ)အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် နဝဒေးအိမ်ရာနေ သူဇာစိုး(ခ) သူသူနှင့် ခင်ပွန်းဖြစ်သူ တရုတ်နိုင်ငံသား ရီဘော်(YIBO) တို့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ-----၊ ၂၆/၂၀၂၅ နှစ်နှင့် မ-----၊ ၂၂/၂၀၂၅ နှစ်တို့ကို တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းနေထိုင်ပါက မိဘများအား ထောက်ပံ့ပေးနိုင်မည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသား ချောင်ချူးချွင် (Cao Qiu Quan)၊ ချန်ဟွမ့်(Chen Huan) ဆိုသူတို့နှင့် ငွေကျပ်သိန်း ၁၂၀ ဖြင့် တောင်းရမ်းလက်ထပ်ထိမ်းမြားပေးကာ သူဇာစိုးငှားရမ်းနေထိုင်သည့် နဝဒေးအိမ်ရာ၌ အိမ်ခန်းတစ်ခန်းစီတွင် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်း (ပ) ၂၆၆/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၃၈)၊ စစ်ခုံရုံးဥက္ကဋ္ဌမှ တရားခံ သူဇာစိုး(ခ)သူသူ၊ တရုတ်နိုင်ငံသား ရီဘော် (YIBO)၊ ချောင်ချူးချွင် (Cao Qiu Quan) နှင့် ချန်ဟွမ့်(Chen Huan) တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဇော်မင်းလှ(ခ)ရဖစ်နှင့် ဇနီးဖြစ်သူ ယွန်းကာရံချို့တို့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေ မ-----၊ ၂၀/၂၀၂၅ နှစ်အား လူမှုကွန်ရက် Tik Tok ၌ @Baby 31.0 အကောင့်မှတစ်ဆင့် ပြည့်တန်ဆာ လုပ်ကိုင်ပါက တစ်ညလျှင် ငွေကျပ် နှစ်သိန်း ကျပ်ရမည်၊ တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်မယား လုပ်ကိုင်ပါက ငွေကျပ် သိန်း ၇၀ ရမည်၊ လစဉ်ငွေကျပ် ၁၀ သိန်း ရမည်ဟု စည်းရုံးပြောဆို၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နေအိမ်သို့ ခေါ်ယူစုဆောင်းခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ယောကျ်ားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်း(ပ) ၅၈၃/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၄၀)၊ စစ်ခုံရုံးဥက္ကဋ္ဌက တရားခံ ဇော်မင်းလှ(ခ)ရဖစ်နှင့် ယွန်းကာရံချို့တို့ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ စံပယ်ချိုက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နေ မ-----၊ ၁၅/၂၀၂၅ နှစ်အား လူမှုကွန်ရက် Tik Tokမှ တစ်ဆင့် တရုတ်နိုင်ငံရှိ ငါးစက်ရုံနှင့် ဆေးလိပ်စက်ရုံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ယွမ် ၃၅၀၀ မှ ၄၀၀၀ ခန့်အထိရမည်၊ သွားရောက်လုပ်ကိုင်လိုပါက လာရောက်ခေါ်ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုပြီး လိပ်စာတူနေ ဇော်မင်းလှ (ခ)ရဖစ်နှင့် ဇနီးဖြစ်သူ ယွန်းကာရံချို့တို့၏အစီအစဉ်ဖြင့် ရန်ကုန်မှ မြစ်ကြီးနားမြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ မြစ်ကြီးနားမြို့တွင် အောင်ဆန်းက လာရောက်ခေါ်ဆောင်ပြီး ကံပိုင်တည်မြို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံ ကွမ်းတုံပြည်နယ်ရှိ တရုတ်အမျိုးသား ရှောမန်ဆိုသူ၏ နေအိမ်သို့ တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဇော်မင်းလှ(ခ)ရဖစ်ပါ လေးဦးကို လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်း(ပ) ၃၈၅/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈ (က) ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် စစ်ခုံရုံးအဖွဲ့(၄၀)၊ စစ်ခုံရုံးဥက္ကဋ္ဌမှ ဖမ်းမိတရားခံ ဇော်မင်းလှ(ခ)ရဖစ်၊ ယွန်းကာရံချို့နှင့် စံပယ်ချိုတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နေ သူသူဝင်း(ခ) မသူနှင့် ခင်ပွန်းဖြစ်သူ မြင့်အောင် တို့က တစ်မြို့တည်းနေ မ-----၊ ၁၇/၂၀၂၅ နှစ် နှင့် မ-----၊ ၂၄/၂၀၂၅ နှစ် တို့ကို တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ် သိန်း ၈၀ ရမည်၊ ကလေးမွေးပေးရမည်၊ တစ်နှစ် စာချုပ်ချုပ်ရမည်၊ တစ်နှစ်ပြည့်ပါက ပြန်ခေါ်ပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ကာ တရုတ်ယောကျ်ားထံရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ) ၈၃/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၃၀ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သူသူဝင်း(ခ)မသူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မြင့်အောင်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## ဂါနာ ညာတောင်ပံကစားသမား Nathaniel Tetteh အား ရန်ကုန်ယူနိုက်တက်အသင်း ခေါ်ယူ

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့် AFC Challenge League 2025-26 ပြိုင်ပွဲနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် ပြည်ပကစားသမား နောက်ဆုံး ဖြည့်တင်းမှုအဖြစ် Tudu Mighty Jets အသင်းမှ ဂါနာ ညာတောင်ပံကစားသမား နက်သန်နီရယ်တက်တက်အား တစ်ရာသီစာချုပ်ဖြင့် ခေါ်ဆိုလိုက်ပြီ ဖြစ်သည်။




အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး နက်သန်နီရယ်သည် professional ကစားသမားဘဝကို ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ပြီး Ghana First Division အသင်းများတွင် ကစားခဲ့ပြီး Tudu Mighty Jets အသင်းတွင် နောက်ဆုံးကစားခဲ့သည်။

ထို့အပြင် နက်သန်နီရယ်သည် ပြီးခဲ့သည့် မြဝတီအသင်းကို ၅-၁ ဂိုးနှင့် အနိုင်ရရှိခဲ့သည့် ခြေစမ်းပွဲစဉ်တွင်လည်း အနိုင်ဂိုးတစ်ဂိုးကို သွင်းယူပေးခဲ့သည်။

နက်သန်နီရယ်က "ရန်ကုန်ယူနိုက်တက်ရဲ့ အသင်းသားအနေနဲ့ ကစားခွင့်ရတဲ့အတွက် တကယ်ကို ဝမ်းသာမိပါတယ်။ ရန်ကုန်ယူနိုက်တက်လိုအသင်းကြီးမှာ ကျွန်တော်အကောင်းဆုံးပုံစံနဲ့ အသင်းအောင်မြင်မှုရရှိအောင် ပေးဆပ်ကစားသွားပါမယ်"ဟု ဆိုသည်။ (ဝဲပုံ) (NGB)

## မက်ဆီကို ၂၀၂၈ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် အင်တာမိုင်ယာမီ အသင်းစီစဉ်



**လန်ဒန် ဩဂုတ် ၁**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းသည် အသင်းတိုက်စစ်မှူး မက်ဆီကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်း ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်း ကျဆင်းခြင်းမရှိသေးသည့်အပြင်၊ အသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၆၉ပွဲကစားကာ ၅၈ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

အင်တာမိုင်ယာမီအသင်း ထုတ်ပြန်ချက်တွင် "မက်ဆီကို ၂၀၂၈ခုနှစ်အထိ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ စာချုပ် ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ဦးပါ"ဟု ထုတ်ပြန်သည်။ (အပေါ်ပုံ) (NGB)

## ဒန်အန်ဒိုရီ နော့တင်ဟမ်ဖောရက်စ်အသင်းတွင် ကျောနံပါတ်(၁၄)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၁**



တောင်ပံကစားသမားသစ် ဒန်အန်ဒိုရီ နော့တင်ဟမ်ဖောရက်စ်အသင်းတွင် ကျောနံပါတ် (၁၄) ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘိုလော့ဂ်နာအသင်းမှ နော့တင်ဟမ်ဖောရက်စ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀+ အပိုဆုကြေး ယူရို ငါးသန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဒန်အန်ဒိုရီသည် ဘိုလော့ဂ်နာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နော့တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နော့တင်ဟမ်ဖောရက်စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အပေါ်ပုံ) (NGB)

## နစ်ခ်ဝိုလ်တီမိတ်ကို ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်းနှင့် နယူးကာဆယ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဩဂုတ် ၁**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် နယူးကာဆယ်အသင်းတို့သည် စတုဂတ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား နစ်ခ်ဝိုလ်တီမိတ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် စတုဂတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

စတုဂတ်အသင်းကလည်း နစ်ခ်ဝိုလ်တီမိတ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် နယူးကာဆယ်အသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် စတုဂတ်အသင်းထံမှ နစ်ခ်ဝိုလ်တီမိတ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## အိုဆင်မန်အား ယူရို ၇၅သန်းဖြင့် ဂါလာတာစာရေးအသင်း အပြီးသတ်ခေါ်ယူ



**လန်ဒန် ဩဂုတ် ၁**

တူရကီကလပ် ဂါလာတာစာရေးအသင်းသည် နာပိုလီအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး အိုဆင်မန်အား ယူရို ၇၅သန်းဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုကာ အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက နာပိုလီ အသင်းမှ ဂါလာတာစာရေးအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၄၁ပွဲကစားပြီး ၃၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက အပြီးသတ်ခေါ်ယူလာခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ အိုဆင်မန်က "ကျွန်တော် ဂါလာတာစာရေးအသင်းသို့ အပြီးသတ်ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ လာမယ့် ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ ဆုဖလားတွေ ရယူသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## အူဘာမီယန်းအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် မာဆေးလ်အသင်း ခေါ်ယူ

**ပါရီ ဩဂုတ် ၁**

မာဆေးလ်အသင်းသည် ဆော်ဒီကလပ် အယ်လ်ကတ်ဒ်စီယာအသင်း ဝါရင့်တိုက်စစ်မှူး အူဘာမီယန်းအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဝါရင့်တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် အယ်လ်ကတ်ဒ်စီယာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၆ ပွဲကစားပြီး ၂၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဝါရင့်တိုက်စစ်မှူး အူဘာမီယန်းအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် မာဆေးလ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)




## 2025 T-Mobile Polish Open ဆီမီးဖိုင်နယ်အဆင့်သို့ Dominika Salkova တက်ရောက်

**လန်ဒန် ဩဂုတ် ၁**

ပိုလန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ချက်တင်းနစ်မယ် Dominika Salkova တက်ရောက်ခဲ့သည်။

အဆိုပါ ချက်တင်းနစ်မယ် Dominika Salkova သည် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် Kyoka Okamura အား ၄-၆၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Dominika Salkova နှင့် ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။(ယာပုံ) (NGB)



## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂-၈-၂၀၂၅ စနေနေ့ | ညနေ ၃း၃၀ နာရီ | ဂျူဗင်တပ်(အီတလီ) - ရက်ဂျီးနား(အီတလီ) |
| ။ | ညနေ ၆း၃၀ နာရီ | ဝက်စ်ဘရွန်း(အင်္ဂလန်) - ဗယ်လက်ကာနို(စပိန်) |
| ။ | ည ၇း၃၀ နာရီ | လိုက်ပဇစ်(ဂျာမနီ) - အတ္တလန်တာ(အီတလီ) |
| ။ | ။ | စတုဂတ်(ဂျာမနီ) - တူးလော့(ပြင်သစ်) |
| ။ | ။ | ဆန်းဒါးလန်း(အင်္ဂလန်) - ဘက်တစ်(စပိန်) |
| ။ | ည ၈း၀၀ နာရီ | ဘိုင်ယန်မြူးနစ်(ဂျာမနီ) - လိုင်ယွန်(ပြင်သစ်) |
| ။ | ။ | ယူနီယံဘာလင်(ဂျာမနီ) - အက်စ်ပန်ညို(စပိန်) |
| ။ | ည ၈း၃၀ နာရီ | ဘာမင်ဂမ်(အင်္ဂလန်) - နော့တင်ဟမ်(အင်္ဂလန်) |
| ။ | ။ | လိဒ်စ်(အင်္ဂလန်) - ဗီလာရီးရဲလ်(စပိန်) |
| ။ | ။ | QPR (အင်္ဂလန်) - ဘရန့်ဖို့ဒ်(အင်္ဂလန်) |
| ။ | ။ | စတုတ်(အင်္ဂလန်) - ဘန်လေ(အင်္ဂလန်) |
| ။ | ည ၉း၀၀ နာရီ | ဖီယင်နို(နယ်သာလန်) - ဝုဖ်ဘတ်(ဂျာမနီ) |
| ။ | ည ၉း၃၀ နာရီ | ဒေါ့မွန်(ဂျာမနီ) - လိုင်လီ(ပြင်သစ်) |
| ။ | ည ၁၀း၃၀ နာရီ | လန်းစ်(ပြင်သစ်) - ရိုးမား(အီတလီ) |
| ၃-၈-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၀၀း၃၀ နာရီ | ဂါလာတာစာရေး(တူရကီ) - လာဇီယို(အီတလီ) |
| ။ | ။ | မာဆေး(ပြင်သစ်) - ဆီဗီလာ(စပိန်) |
| ။ | နံနက် ၃း၃၀ နာရီ | နာ့ဗဲလ်(အမေရိကန်) - ဗီလာ(အင်္ဂလန်) |



## မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်

**သာစည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီက သာစည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သာစည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက မြေငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် မြေငလျင်အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ငလျင်လှုပ်ခတ်နေစဉ်ဆောင်ရန်၊ ရှောင်ရန်များ၊ ငလျင်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သရုပ်ပြသခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များနှင့် ကြက်ခြေနီအဖွဲ့ပါဝင်သောအဖွဲ့သည် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများကို အသုံးပြု၍ ငလျင်ဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်းများအပြင် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကိုလည်း လက်တွေ့ပြသခဲ့ကြသည်။ **(အပေါ်ဓာတ်ပုံ)**

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးနှင့် မီးသတ်ဦးစီးအရာရှိများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မိုးသီး**

## Kubota ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

**မိတ္ထီလာ ဩဂုတ် ၁**

ဝမ်းတွင်းမြို့နယ်တွင် Kubota ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ(10- Rows Seeder) ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင် ၂၈ ရက် နံနက်က ဝမ်းတွင်းမြို့နယ်၊ လိန်ပင်ကျေးရွာအုပ်စု၊ နတ်နန်းကျေးရွာ၊ ဦးပိုင်အမှတ်(၇၀)၊ ကွင်းအမှတ်(၁၄၂၀)ရှိ တောင်သူ ဦးဝင်းနိုင်ဦး၏ လယ်မြေ နှစ်ဧကတွင် ကျင်းပသည်။

စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်အတွင်း ဒေသခံတောင်သူများ စပါးမျိုးစေ့ချကိရိယာကို တွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်စေရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာ ကျော်လွှားနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ပြီး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း Kubota ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ(10- Rows Seeder) ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ထက်ဇော်က Kubota ကောက်စိုက်စက်နှင့် တွဲဖက်အသုံးပြုသည့် စပါးမျိုးစေ့ချကိရိယာ (10-Rows Seeder) အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စက်ပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် မိတ္ထီလာခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက သရုပ်ပြပွဲနှင့်အတူ ခင်းကျင်းပြသထားသည့် လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲမျိုးစေ့ချကိရိယာ၊ Kubota ကောက်စိုက်စက်ကိရိယာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၆၉)**



## ပါးစပ်နှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်၍ ဝန်ဆောင်မှုပေးသည့် အလေ့အကျင့်များ ရှိလာစေရန် အသိပညာပေး

**မူဆယ် ဩဂုတ် ၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)ကြီးကြပ်မှုဖြင့် ဌာနမှ ဒုတိယဦးစီးမှူး(သန့်) ဦးဝင်းလွင်ဦး ဦးဆောင်သောဝန်ထမ်းများသည် ဇူလိုင် ၂၉ ရက်က မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ လုပ်ငန်းလိုင်စင်ရယူထားသော စားသောက်ဆိုင်များရှိ ဝန်ထမ်းများအား ဝန်ဆောင်မှုပေးရာ၌ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)များ စနစ်တကျ တပ်ဆင်၍ ဝန်ဆောင်မှုပေးသည့် အလေ့အကျင့်များ ရှိလာစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ဓာတ်ပုံ)**

**(၀၄၀)**



## ပြင်ဦးလွင်မြို့ ရှခင်းသာကျောင်းဆရာတော်၏ စိန်ရတုမွေးနေ့ မင်္ဂလာဖွင့်ထုတ်ဝေရန် စီစဉ်

**ပြင်ဦးလွင် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရေချမ်းအိုးရပ်ရှိ ရှခင်းသာကျောင်း ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်းကို ဆရာတော်ကြီးမွေးနေ့ဖြစ်သော တပို့တွဲလဆန်း ၁ ရက်အမီ ထုတ်ဝေနိုင်ရန် စီစဉ်နေကြောင်း ဆရာတော်ကြီး၏ သာဝကတစ်ဦးဖြစ်သူ ဦးနေထွန်းဦးက ပြောသည်။

စိန်ရတုမွေးနေ့အထိမ်းအမှတ်မဂ္ဂဇင်းတွင် ရေးသားပူဇော်ရန်အတွက် မန္တလေး၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ်များမှ သတင်းစာဆရာ၊ စာရေးဆရာ ၄၇ ဦးတို့သည် ဆရာတော်ကြီး၏သာဝကများစီစဉ်ပေးမှုဖြင့် ပြင်ဦးလွင်ရှခင်းသာကျောင်းသို့ ဇူလိုင် ၂၇ ရက်ကသွားရောက်ကြပြီး ရှခင်းသာကျောင်း ဖြစ်ပေါ်လာပုံနှင့် ဆရာတော်ကြီး၏ သာသနာရေးဆိုင်ရာလုပ်ဆောင်နေမှုများကို မေးမြန်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိတထံမှ သီလခံယူကာ သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများကပ်လှူကြပြီး စိန်ရတုမဂ္ဂဇင်း ထုတ်ဝေနိုင်ရေးအတွက် ဆရာတော်ကြီး၏ဩဝါဒကို ခံယူခဲ့ကြသည်။

ရှခင်းသာကျောင်းဆရာတော်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတုမဂ္ဂဇင်းကို တပို့တွဲလဆန်းပိုင်းအမီ ထုတ်ဝေနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၃၂)**

၀-၀-၀-၀-၀-၀



## ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး ရေတိုက်စားသွားသော လမ်းတာပေါင်အား ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်လမ်းဦးစီးဌာနမှ မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေရေး လမ်းတံတားများ အသစ်တည်ဆောက်ပေးခြင်း၊ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမှတ်(၂)ခရိုင်ချင်းဆက်လမ်းမှ ရေတိုက်စားသွားသော လမ်းတာပေါင်များအား ပြန်လည်ပြုပြင်လျက်ရှိသည်။

ရေတိုက်စား၍ ပြန်လည်ပြုပြင်ပေးလျက်ရှိသော လမ်းတာပေါင်သည် အမှတ်(၂)ခရိုင်ချင်းဆက်လမ်း၏ ၆၉ ဒသမ ၈ ကီလိုမီတာနှင့် ၇၀ ဒသမ ၄ကီလိုမီတာအတွင်းရှိ လမ်းအရှည် ၀ ဒသမ ၆ ကီလိုမီတာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ခွင့်ပြု(ငွေလုံးငွေရင်း)ရန်ပုံငွေ ၂၁ ဒသမ ၇၀၀ ကျပ်သန်း အကုန်ကျခံကာ မြို့နယ်လမ်းဦးစီးဌာနမှ လမ်းအကျယ် ၁ ဒသမ ၂၅ မီတာအထိ ပြန်လည်ပြုပြင်ခဲ့သည်။

ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် လမ်းများ၊ တံတားများ၊ လူနေထိုင်ရာအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကုန်ကျမှုစရိတ်သက်သာစေရန်နှင့် ဒေသထွက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သယ်ယူနိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**(၄၈၅)**



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်ဆရာတော်၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်စာအုပ်များ ထုတ်ဝေနိုင်ရေး လှူဒါန်း



**မန္တလေး ဩဂုတ် ၁**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကေသရ (အဂ္ဂမဟာပဏ္ဍိတ)၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတု အထိမ်းအမှတ်အဖြစ် ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ဆွမ်းအနုမောဒနာတရားတော်များ အတွဲ(၁)၊ အတွဲ(၂)၊ ဆရာတော်ကြီးရေးသားသော ဓမ္မသုတ၊ ရသ ဆောင်းပါးစာအုပ်များအား ဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်ပြည့်မွေးနေ့ နတ်တော်လတွင် လှူဒါန်းသွားမည်ဖြစ်ရာ စာအုပ်များ ရိုက်နှိပ်လျက်ရှိသည်။

ပါမောက္ခချုပ်ဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်စာအုပ်များ ဆက်လက်ထုတ်ဝေနိုင်ရန် ဇူလိုင် ၃၀ ရက်က အရှင်နန္ဒောဘာသရအား အမှူးထား၍ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ ဒေါ်ခက်ခက်ညိုနှင့်ညီမတစ်စုက ငွေကျပ် ၁၀ သိန်း၊ ရမည်းသင်းမြို့နယ်၊ ရွာတန်းအောင်တံခွန်ပရဟိတနှင့် ဓမ္မစကူးကျောင်းမှ အရှင်ဥတ္တမ(အပတ်စဉ်၁၇)က ငွေကျပ်တစ်သိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်ကြီး ဟောကြားတော်မူသော ဆွမ်းအနုမောဒနာတရားများ အတွဲ(၁)စာအုပ်ဝယ်ယူပူဇော်လိုပါက အရှင်တေဇနိယ၊ ဌာနစုမှူး၊ မော်ကွန်းထိန်းဌာန ဖုန်း ၀၉-၄၀၂၆၈၀၁၀၂၀၊ ၀၉-၇၇၂၉၂၀၀၀၈ တို့သို့ ဆက်သွယ်ဝယ်ယူပူဇော်နိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၅)

၀-၀-၀-၀-၀



# ရတနာပုံတက္ကသိုလ်၌ ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ (၂) ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ ဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာမာလာယုအောင်၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး (စီမံ/ဘဏ္ဍာ)၊ ဌာနမှူး (သင်တန်းရေးရာ)၊ အမရပူရခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်သာဦး၊ အမရပူရမြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူး စိုးဝင်းသန်း၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင်၊ အမရပူရမြို့နယ် အမှတ်(၈၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ဟန်ငြိမ်းနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်က အဖွင့်အမှာစကားနှင့် ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင့်နိုင်က "ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Integrated Law Enforcement and Security Cooperation Center-LM LECC)မှ ပေးပို့လာသည့် "ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး" သဘောတရားများဖြစ်သည့် "မော် ဒန်ခေတ်မှာ G.I. နဲ့အတူ ချိန်းတွေ့ခြင်း"၊ "လူမှုကွန်ရက် တယ်လီဂရမ်လိမ်လည်မှု" စသည့် ဗီဒီယိုနှစ်ခုကို ကျောင်းသား၊ ကျောင်းသူများအား ပြသမိတ်ဆက်ခြင်းနှင့် အသိပညာပေးခဲ့သည်။

(အပေါ်ပုံ)

ဆက်လက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် ဟန်ငြိမ်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ဟောပြောပွဲနှင့် သက်ဆိုင်သည့် မေးခွန်းများ မေးမြန်းရာ အဖြေမှန်ဖြေဆိုနိုင်သူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် ဟောပြောဆွေးနွေးပေးသူများကို ပါမောက္ခချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၈၂)

# အခြေခံစာကြည့်တိုက်ပညာ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရွှေဘို ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန



(Community Centre) ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်က အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်ထိ စာကြည့်တိုက် မိတ်ဆက်၊ စာစု၊ စာပြုလုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှု၊ ထိန်းသိမ်းမှုစနစ်၊ ကတ်တလောက်လုပ်ငန်း၊ စာငှားလုပ်ငန်း စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# လျှပ်ဒဏ်ကြောင့် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန ပြတိုက်ရှိပစ္စည်းများ စနစ်တကျထုပ်ပိုး၊ မှတ်တမ်းယူ၊ ပြောင်းထည့်

**မန္တလေး ဩဂုတ် ၁**

မတ်၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် မန္တလေးတက္ကသိုလ် အကယ်ဒမီအဆောင်လည်း ထိခိုက်ပျက်စီးခဲ့ရသည်။ အကယ်ဒမီအဆောင်အပေါ်ထပ်တွင် မန္တလေးတက္ကသိုလ်ဘူမိဗေဒဌာန၏ ၁၉၅၄ ခုနှစ်က စတင်စုဆောင်းတည်ထောင်ခဲ့သော ဘူမိဗေဒပြတိုက်ရှိပြီး ပြည်တွင်း၊ ပြည်ပမှ Rock,Mineral ,Fossils အမျိုးပေါင်း ၂၅၀၀၀ ကျော် ရှိသည်။

ငလျင်ဒဏ်ကြောင့် မှန်ဗီရို၊ မှန်ကောင်တာများ ကွဲအက်ခြင်း၊ ပြတိုက်နံရံများ ကွဲအက်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် အန္တရာယ်ရှိအဆောက်အအုံမှ ရွှေ့ပြောင်းရမည်ဖြစ်၍ မန္တလေးတက္ကသိုလ် အငြိမ်းစား ပါမောက္ခကြီးများ၊ ဆရာ၊ဆရာမများ၊ မန္တလေးမြို့ဝန်းကျင်ရှိ တက္ကသိုလ်များမှ ဘူမိဗေဒဌာန ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက လာရောက်ကူညီလုပ်အားပေး၍ Rock,Mineral,Fossils များကို မှတ်တမ်းတင်၊ စနစ်တကျထုပ်ပိုး၊ ကောင်တာနံပါတ်များ ရေးထိုး၍ သေတ္တာများအတွင်း ပြောင်းရွှေ့ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

(၀၄၅)

၀-၀-၀-၀-၀




# မြန်မာဆန်စပါးသိုလှောင်ရုံ အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ (MyRo) အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကျင်းပ

**မန္တလေး ဩဂုတ် ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော "မြန်မာဆန်စပါး သိုလှောင်ရုံ အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ (MyRo)" အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို မန္တလေး၊ အောင်မြေသာစံမြို့နယ်Community Centre ခန်းမတွင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံပါယ်က ဦးဆောင်ဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက မြန်မာဆန်စပါး သိုလှောင်ရုံ အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ (MyRo )နှင့်ပတ်သက်သည့် သိကောင်းစရာများ၊ ဆန်တန်ချိန် ၂၅ တန်နှင့်အထက်၊ စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်မည့် ဆန်စပါးလုပ်ငန်းရှင်များ မှတ်ပုံတင်ရန်နှင့် မှတ်ပုံတင်ရာတွင် လိုအပ်မည့်အချက်အလက်များ၊ မှတ်ပုံတင်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိပါက စီမံခန့်ခွဲရေးပြစ်ဒဏ်များအကြောင်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့်ဆေးတွေ့ကာ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေရေးသားပေးလိုက်ပါတယ်။ ရောဂါခံစားနေရသူများ ပျောက်ကင်းကြပါစေလို့ ဆန္ဒပြုလျက်…။



**ဆင်တုံးမနွယ်(မအိုဆေး)**

**'အသက်ကြီးရင် ဆင်စီးပါ'ဆိုတာ ဆင်တုံးမနွယ်ဟာ ဆေးဖက်ဝင်လို့ စားပေးပါလို့ ဆိုလိုတာပါ။**

မအိုဆေး ဖော်စပ်ဖို့ တစ်နှစ်သားအရွယ်ရှိ ဆင်တုံးမနွယ်(ဆူးပေါက်)ရအောင် ရှာပါ။ ရလာတဲ့ ဆင်တုံးမနွယ်ကို လက်တစ်ဆစ်ခန့်တုံးပြီး သဘာဝအတိုင်း အခြောက်ခံပါ။ (သုံးရက်ခန့်ထားပါ။)

မြင်းခွာရွက်(အရိုး၊ အမြစ်၊ အရွက်)တို့ကို သဘာဝအတိုင်း အခြောက်ခံပြီး အမှုန့်ပြုလုပ်ပါ။

ပျားရည်စစ်စစ်လည်း လိုပါမည်။

အထက်ပါပစ္စည်းများ ရပြီဆိုလျှင် သန့်ရှင်းစွာ ဆေးကြောထားသည့် ဖန်ပုလင်း(သို့မဟုတ်)ဖန်ဘူးများအတွင်းသို့ တုံးထားသော ဆင်တုံးမနွယ်နှင့် မြင်းခွာရွက်အမှုန့်များကိုထည့်ပြီး ပျားရည်စစ်စစ် လောင်းထည့်ပါ။

ပျားရည်နှင့် အဖုံးကြား အနည်းဆုံးလက်သုံးလုံးအကွာ ထားပေးရပါမည်။ အပြည့်ကြီး မထည့်ရပါ။


အနည်းဆုံး တစ်လတိတိ အဖုံးမဖွင့်ဘဲထားပေးပါ။

တစ်လပြည့်ပါက တုံးထားသော လက်တစ်ဆစ်ခန့် ဆင်တုံးမနွယ်လေးများကို တစ်နေ့လျှင် တစ်ခုမှ နှစ်ခုအထိ စားပေးခြင်းဖြင့် အရွယ်မတိုင်ခင် အို၊ နာဖြစ်နေသောသူများ ကျန်းမာရေးကောင်းမွန်လာမည် ဖြစ်ပါသည်။

**တောဇီးဖြူပင်**

တောဇီးဖြူပင်သည် ခါးသက်သည့် အရသာရှိသော်လည်း အကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်။ အသည်းကို အားဖြည့်ပေးခြင်း၊ အသည်းကို ပိုကောင်းအောင် လုပ်ဆောင်ပေးခြင်း၊ အသည်းရောင်ရမ်းမှုကို လျှော့ချပေးခြင်းနှင့် အသည်းကို ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။

ဒါ့အပြင် အဖျားကို လျှော့ချပေးပြီး ကိုယ်လုံးဝါ၊ မျက်လုံးဝါနှင့် အသားဝါရောဂါတွေကို သက်သာစေပါတယ်။ ဆီးရှင်စေပြီး ဖောရောင်တာကို လျှော့ချပေးခြင်းနဲ့ ဆီးချုပ်ခြင်း၊ ဆီးသွား



ရခက်ခဲခြင်းကိုလည်း သက်သာစေပါတယ်။ သေးငယ်တဲ့ ကျောက်ကပ်ကျောက်တည်တာတွေကိုလည်း ချေဖျက်ပေးနိုင်ပြီး သွေးထဲက သကြားဓာတ်ကို လျှော့ချပေးခြင်း၊ သွေးကြောထဲက အဆီဓာတ်ကို လျှော့ချပေးခြင်းနဲ့ သွေးပေါင်ချိန်ကို လျှော့ချပေးခြင်းတွေလည်း လုပ်ဆောင်ပေးပါတယ်။ တချို့က အပူကြီးခြင်းနဲ့ ခံတွင်းအနာတွေကို သက်သာစေဖို့အတွက် အသုံးပြုကြပါတယ်။

တောဇီးဖြူပင်တစ်ပင်လုံးကို လက်တစ်ဆုပ်စာခန့် နုတ်ယူပါ။ ရေစင်အောင် ဆေးကြောပြီး ရေ တစ်လီတာ(သို့မဟုတ်)တစ်လီတာခွဲဖြင့် မိနစ် ၂၀ ခန့်ဆူအောင် ပြုတ်ပြီး ရေကိုစစ်ကာ နွေးနွေးသည့်အချိန်တွင် သောက်ပါ။ (တစ်နေ့လျှင် နှစ်ခွက်မှ သုံးခွက်၊ အစားမစားခင်သောက်ပေးပါ။

နှစ်ပတ်(သို့မဟုတ်)လေးပတ် ဆက်တိုက်သောက်ပြီး တစ်ပတ်(သို့မဟုတ်)နှစ်ပတ် ရပ်နားပါ။

လေဝင်လေထွက်ကောင်းတဲ့နေရာမှာ သေချာခြောက်သွေ့အောင် နေလှန်းပြီးနောက် လေလုံတဲ့ဘူးထဲမှာ ထည့်သိမ်းထားရင် အရည်မသွေးမကျဘဲ ကြာရှည်စွာ အသုံးပြုနိုင်ပါတယ်။



**သဘော်စေ့**

သဘော်စေ့ စားပေးခြင်းဖြင့် အသည်းနဲ့ ကျောက်ကပ်အတွက် ကျန်းမာရေးအကျိုးကျေးဇူးတွေ ရနိုင်ပါတယ်။

**ကင်ဆာ**

သဘော်စေ့ဟာ ကင်ဆာတိုက်ဖျက်ရေးအတွက် အထူးကောင်းမွန်တဲ့ ဆေးတစ်လက်ပါ။ ကင်ဆာဆဲလ်တွေ ကြီးထွားမှုကို တားဆီးပေးနိုင်ပြီး ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ သွေးကင်ဆာ၊ ဆီးကြိတ်ကင်ဆာနဲ့ အဆုတ်ကင်ဆာဖြစ်ပွားမှုကို ပျောက်ကင်းစေနိုင်ပါတယ်။

**အသည်းကျန်းမာရေး**

သစ်သီးဖျော်ရည်(သို့မဟုတ်)အစားအစာတွေထဲမှာ သဘော်စေ့ ငါးစေ့၊ ခြောက်စေ့လောက်ကို ရောပြီး စားပေးခြင်းဖြင့် အသည်းခြောက်ခြင်းကို ကာကွယ်ပေးနိုင်၍ အသည်းကို ကျန်းမာစေပါတယ်။

**ကျောက်ကပ်ကျန်းမာရေး**

သဘော်စေ့ဟာ ကျောက်ကပ်ဆိုင်ရာရောဂါတွေကို ကာကွယ်ပေးနိုင်ပြီး ကျောက်ကပ်ရဲ့ လုပ်ဆောင်မှုကို တိုးတက်ကောင်းမွန်စေပါတယ်။

**ရောင်ရမ်းမှုကို သက်သာစေတဲ့ဂုဏ်သတ္တိများ**

သဘော်စေ့ဟာ ရောင်ရမ်းမှုကို သက်သာစေတဲ့ ဂုဏ်သတ္တိများပါဝင်ပြီး အဆစ်အမြစ် နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်း၊ အရိုးအဆစ်များ နာကျင်ခြင်းတွေကို သက်သာစေပါတယ်။

**ဘက်တီးရီးယား ပိုးမွှားတွေကို တိုက်ဖျက်နိုင်သည့် ဂုဏ်သတ္တိများ**

သဘော်စေ့မှာ ဘက်တီးရီးယားပိုးမွှားတွေကို တိုက်ဖျက်နိုင်တဲ့ ဂုဏ်သတ္တိတွေ ပါဝင်ပြီး သွေးလွန်တုပ်ကွေး၊ အူရောင်ငန်းဖျား စတဲ့ရောဂါတွေ အလွယ်တကူဝင်ရောက်ကူးစက်ခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။

**အစာခြေစနစ်ကို ကောင်းမွန်စေခြင်း**

သဘော်စေ့မှာ အစာခြေစနစ်ကို ကောင်းမွန်စေတဲ့ ဂုဏ်သတ္တိတွေ ပါဝင်နေပါတယ်။ သဘော်စေ့ကို တစ်နေ့တစ်ဇွန်းလောက် စားပေးသင့်ပါတယ်။

**သဘော်စေ့ကို ဘယ်လိုစားမလဲ**

သဘော်စေ့ကိုကြိတ်ပြီး နွားနို့၊ သစ်သီးဖျော်ရည်(သို့မဟုတ်)အသုပ်တွေထဲမှာ ထည့်စားပါ။

**ဘေးထွက်ဆိုးကျိုးနှင့် သတိပေးချက်**

ကိုယ်ဝန်ဆောင်မိခင်တွေ ရှောင်ရှားပေးသင့်ပါတယ်။ ကလေးမွေးလာတဲ့အခါ နို့ဖြတ်ရခက်ခဲလို့ပါ။ အရွယ်ရောက်လာပေမယ့် နို့ဖြတ်မရဘဲ ဖြစ်တတ်ပါတယ်။



**မြင်းခွာရွက်**

ဆီးနည်း၊ ဆီးပူ၊ ဆီးကျင်၊ ဆီးအောင့်ရောဂါများအတွက် မြင်းခွာပင် သုံးစည်းခန့်ကို ရေစင်အောင်ဆေး၍ ထောင်းပြီး အရည်ညှစ်ယူပါ။ အဲ့ဒီရွက်စိမ်းရည်ထဲသို့ သကြားသင့်တင့်ရုံထည့်ပြီး လူကြီး လက်ဖက်ရည်အကြမ်းတစ်ပန်းကန်ကို ည၊ မနက် သောက်ပေးပါ။ ကလေး လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက်၊ နို့စို့ကလေး လက်ဖက်ရည်ဇွန်းတစ်ဇွန်းတိုက်ပေးပါ။ သွေးချို၊ ဆီးချိုရှိလျှင် သကြားမထည့်ပါနှင့်။

မြင်းခွာပင် ပဥ္စငါးပါးကို သန့်စင်ပြီး ညက်အောင်ထောင်းကာ အရည်ညှစ်ယူ၍ ပျားရည်အနည်းငယ်ဖြင့် ရောစပ်ပြီး လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးကို နေ့စဉ်မှီဝဲသွားလျှင် အမောအပန်းပြေစေပြီး ခွန်အားဗလတိုးကာ အမောအပန်းခံနိုင်ကာ သက်လုံကောင်းစေပါသည်။

မျက်စိနာ၊ မျက်ရည်ယို၊ မျက်စိကျိန်းစပ်သော ရောဂါဖြစ်လျှင် မြင်းခွာရွက် ရွက်စိမ်းရည်ကို အရည်ကြည်စစ်ယူပြီး ထိုအရည်ကြည်ကို ဝါဂွမ်းစနှင့်တို့ကာ မနက်၊ ည မျက်စဉ်းခတ်ပေးလျှင် သက်သာပျောက်ကင်းစေပါသည်။

သွေးစုနာနှင့် အနာစိမ်းများ လူ့ခန္ဓာကိုယ်မှာ ပေါက်လျှင် မြင်းခွာရွက်နှင့် စပါးလင်ဆတူရောကြိတ်၍ အုံပေးထားပါ။ ပတ်တီးစည်းလို့ရရင် ပတ်တီးစည်းထားပါ။ ထိုသို့ပြုလုပ်လျှင် သွေးစုနာနှင့် အနာစိမ်းများ အပျောက်မြန်ပြီး အနာ၏ အမြစ်ပါ ကျွတ်ထွက်သွားပါလိမ့်မည်။

မြင်းခွာရွက်ပင်များကို ရေနှင့်ဆေးပြီး အရည်ညှစ်ယူပါ။ ပြီးလျှင် ရေနံဆီနှင့် ဆတူရောပြီး အဆစ်အမြစ်ကိုက်၊ အကြောတက်သည့်နေရာများတွင် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပွတ်လိမ်းပေးပါ။

ရေနွေးပူလောင်ခြင်း၊ ဆီပူလောင်ခြင်းများဖြစ်လျှင် မြင်းခွာရွက်ကို ထုထောင်းပြီး အရည်ညှစ်ယူကာ သကြားဖြင့် ရောစပ်ပြီး ဒဏ်ရာကို ဝါဂွမ်းဖြင့် မကြာခဏ လိမ်းပေးပါ။ အဖုပေါက်ခြင်း၊ အပူလောင်ခြင်းများ သက်သာသွားပါလိမ့်မည်။

မြင်းခွာရွက် ရွက်စိမ်းရည် တစ်ကျပ်ခွဲသားနှင့် သကြားတစ်ကျပ်သားတို့ကို နွားနို့စစ်စစ်ဖြင့် နေ့စဉ်ပုံမှန်သောက်ပေးပါက ကာမအားကို တိုးပွားစေပြီး မှတ်ဉာဏ်လည်း ကောင်းလာပါလိမ့်မည်။



**စပါးလင်**

စပါးလင်သည် ဗီတာမင်စီ၊ ဖောလစ်အက်စစ်၊ မဂ္ဂနီဆီယမ်၊ ဇင့်၊ သံဓာတ်၊ ထုံးဓာတ်၊ ပိုတက်ဆီယမ်၊ ဖော့စဖရပ်စ် စတာတွေ ကြွယ်ဝပြီး ဆေးဖက်ဝင်အစွမ်းသတ္တိတွေ ရှိပါတယ်။ အစာခြေလမ်းကြောင်းထဲတွင်ရှိတဲ့ မကောင်းသည့် ဘက်တီးရီးယားနဲ့ ကပ်ပါးကောင်တွေကို သေစေနိုင်ပြီး အူမထဲက အကျိုးပြု ဘက်တီးရီးယားတွေကို တိုးပွားစေနိုင်သောကြောင့် ကောင်းစွာ အစာခြေဖျက်နိုင်ဖို့ အထောက်အကူပြုပါတယ်။ ကိုလက်စထရောပမာဏကိုလည်း ထိန်းချုပ်ပေးနိုင်စွမ်းရှိပါတယ်။

စပါးလင်သည် အဆိပ်အတောက်၊ ယူရစ်အက်ဆစ်နဲ့ မကောင်းတဲ့ ကိုလက်စထရောတွေကို ဆီးသွားခြင်းမှတစ်ဆင့် စွန့်ထုတ်နိုင်သောကြောင့် ကျောက်ကပ်အတွက် ကောင်းကျိုးပြုပါတယ်။ ပိုးမွှားတွေနဲ့ မှိုရောဂါတွေကို သေစေနိုင်စွမ်းလည်းရှိသောကြောင့် စပါးလင်နဲ့ အအေးမိ၊ နှာစေး၊ တုပ်ကွေးနဲ့ ဖျားနာတာတွေကို ကုသနိုင်ပါတယ်။

ကင်ဆာရောဂါတွေကိုလည်း ကာကွယ်နိုင်စွမ်းရှိပြီး ခေါင်းကိုက်၊ ရင်ကြပ်၊ လည်ချောင်းနာ၊ ချွေးထွက်လွန်၊ ကိုယ်နံ့ဆိုးထွက်တာမျိုးဖြစ်ရင်လည်း စပါးလင် နှစ်ချောင်း၊ သုံးချောင်းကို သစ်ကြံပိုးခေါက်၊ နနွင်းမှုန့်အနည်းငယ်နဲ့ ဆူအောင်တည်ပြီး အရည်ကို သောက်ပေးနိုင်ပါတယ်။ ကြွက်သားနာကျင်၊ ဂေါက်ရောဂါ၊ အရိုးအဆစ်ရောင်ရမ်းနာနဲ့ အခြားသော အဆစ်အမြစ်နာကျင်ခြင်းတွေကို စပါးလင်ဆီလိမ်းပေးရင် သက်သာစေပါတယ်။ နို့တိုက်မိခင်တွေအတွက်လည်း နို့ထွက်အားကောင်းစေပြီး ရင်သွေးငယ်တွေ ကျန်းမာကာ ရောဂါပိုးကူးစက်ခံရမှုတွေမှ ကာကွယ်ပေးပါတယ်။

ထို့အပြင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာစေပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုရှိစေကာ လန်းဆန်းတက်ကြွစေနိုင်သောကြောင့် စိတ်ကျဝေဒနာအတွက် အကောင်းဆုံးဆေးတစ်လက်ပါ။ ကိုယ်နံ့မကောင်းခြင်း၊ ခြေ၊ လက်၊ အသားအရေလှပဖို့အတွက်လည်း စပါးလင်ဆီလိမ်းမယ်ဆိုရင် ရေ(သို့မဟုတ်)သံလွင်ဆီနဲ့ ရောပြီးမှ လိမ်းပေးပါ။

**"အာရောဂျံ ပရမံ လာဘံ"**

ကိုးကား – Tit Tok

## မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စာဖတ်ရှိန်မြှင့်တင်ရန် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ စာစီ စာကုံးပြိုင်ပွဲများ၊ သုတ၊ ရသစာအုပ်၊ စာစောင်ပြပွဲများ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားလာစေရန်၊ အရည်အသွေး ပြည့်ဝပြီး ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန်၊ စာပေများဖတ်ရှုလေ့လာခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျောင်းစာအပြင် ပြင်ပစာများ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရန် ရည်ရွယ်၍ ကျင်းပခဲ့သည်။



ထိုသို့ကျင်းပရာတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ သည်။ ဆက်လက်၍ မူလွန်(၂၀)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ပြိုင်ပွဲဝင် စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားပြီး ယှဉ်ပြိုင်ပွဲပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
**စင်မင်းမောင်**

## ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြော

**သရက် ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းကျန်းမာရေးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အခြေခံပညာ မူလတန်း(တပ်တွင်း)ကျောင်းတွင် ကျင်းပသည်။



ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးမှူး(၄) ဒေါ်ပိုးမြဲ့ချူ၊ ဒေါ်သဇင်နှင်းနှင့် ဒေါ်အေးအေးဦး၊ သားဖွားဆရာမ ဒေါ်မြင့်မြင့်ဝေတို့က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး လက်ဆေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေး၊ နည်းစနစ်မှန် သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရန်နှင့် မိုးတွင်းကာလ၌ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ကျန်းမာရေး ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေ သန့်ရှင်းရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး တစ်ဦးချင်း ကျောင်းကျန်းမာရေး မှတ်တမ်းကတ်များ ရေးသွင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် သွားဆရာဝန်က ကျောင်းသား၊ ကျောင်းသူများအား သွားကျန်းမာရေး စစ်ဆေးပေးခဲ့ပြီး သွားနုတ်ရန် လိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများအား သွားများနုတ်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) **ဇော်ထက်(သရက်)**




## မကွေးမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မကွေး ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

(Talk Show) ဆွေးနွေးပွဲ ကျင်းပရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမ္မာနှင့် ဒုတိယဦးစီးမှူး ဒေါ်သီရိဖြိုးအောင်တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာများဖြစ်သည့် ငလျင်လှုပ်ခတ်ခြင်း၊ ရေကြီးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လျှပ်စစ်စီးခြင်းစသည့် အန္တရာယ်များဖြစ်ပေါ်လာနိုင်၍ ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်သတိပြုကြရန် လိုအပ်ကြောင်း၊ တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက်ဆောင်ရွက်ချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ စသည်တို့ကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
**မောင်ခိုင်မင်း(ပြန်/ဆက်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**အောင်လံ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၈ နာရီက အောင်လံမြို့ မြို့မဈေးနှင့် လူစည်ကားရာနေရာများ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် မိသားစုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားသုံးစွဲသူများ သတိပြုရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများကိုင်တွယ်အသုံးပြုရာတွင် သတိထားဆောင်ရွက်ရမည့်အချက်များ၊ ဓာတ်အားလိုင်းကြိုးများ ပြုတ်ကျခြင်း၊ လျော့ကျခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ လဲကျ၊ ကျိုးကျခြင်း၊ နေအိမ်ရှိ လျှပ်စစ်ပစ္စည်းများအား တစ်ပြိုင်နက်အသုံးပြုခြင်းမှ ရှောင်ရှားရန် စသည့် အကြောင်းအရာများ၊ ဆောင်ပုဒ်များ၊ ကာတွန်းသရုပ်ပြပုံများ၊ မှတ်တမ်းဓာတ်ပုံများ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး


### လူ့ဘဝ အနှစ်သာရ

* ရခဲလှသည့် လူ့ဘဝ
ရလာသည့် တစ်ခဏ။
ရတနာသုံးပါး ရှိခိုးဦးချ
နေ့စဉ်ကန်တော့ကြ။

* ဒါန၊ သီလ၊ ဘာဝနာ
ပွားများကျင့်ကြံပါ။
မြတ်ဗုဒ္ဓရဲ့တရား လေးဖြာ
ရင်မှာ မွှမ်းမံပါ။

* ကံ၊ စိတ်၊ ဥတု၊ အာဟာရ
မျှတအောင်နေကြ။
ပညာပြည့်ဝ နှလုံးလှ
မွန်မြတ်စိတ်ထားကြ။

* မေန ဥစ္စာ ရအောင်ရှာ
ချွေတာစုဆောင်းပါ။
သက်ရှည်ကျန်းမာ ဘေးရန်ကွာ
ရောဂါကင်းစင်မှာ။

* ပူပင်သောက မကြောင့်ကျဘဲ
စမ်းရေပမာအေးမြ။
လိုအင်ဆန္ဒ မတောင့်တဘဲ
ဆုမတောင်းလည်း ပြည့်ဝ။

* တရားအသိ ထားရှိမှသာ
စိတ်မှာ ငြိမ်းအေးလှ။
ချမ်းသာသုခ လိုတရ
လူဖြစ်ကျိုးနပ်ကြ။ ။

**မိုးထက်ကို(အမရပူရ)**



# ဘုရားတည်မလား၊ ကျောင်း၊ အိမ်ဆောက်မလား၊ ဒါတွေ၊ ဒါတွေ မှတ်လို့ထား(၄)

သုဓမ္မာဇရပ်အနီး ခရေပင်ခြေရင်းက ကွပ်ပျစ်ပေါ်တွင် အဘိုးတို့၏ စကားဝိုင်းသည် စည်ကားမြဲ စည်ကားနေ၏။ ဗာဟုဿစ္စ မင်္ဂလာများလည်း ပါကြ၏။ နားထောင်သူတို့ကလည်း နားထောင်နေကြ၏။ မှတ်သူတို့ကလည်း မှတ်သားနေကြ၏။ မှတ်သားစရာများကလည်း တစ်ပုံတစ်ပင် ဖြစ်ကြ၏။

"နေပါဦး ကိုကြီးစိန်မြရဲ့၊ လွန်ခဲ့တဲ့ သီတင်းနေ့တုန်းက အုတ်မြစ်တော်စီမင်္ဂလာအကြောင်း ပြောခဲ့ကြတယ်မဟုတ်လား။ အဲ့ဒီ အုတ်မြစ်တော်စီမင်္ဂလာမကျင်းပမီ ရှေ့အဖို့က လောကီအစီအရင်တွေ ပြုလုပ်ရမှာတွေ ရှိတယ်မဟုတ်လား"။

"ဟုတ်ပ ကိုကြီးချမ်းအေးရာ၊ လောကီလူသားတွေဆိုတာ လောက အစီအရင်တွေနဲ့ ကင်းလို့လည်း မရဘူးလေ။ ဒါဆိုရင် အုတ်မြစ်တော်စီမင်္ဂလာမကျင်းပမီ ဆောင်ရွက်ရမယ့် လောကီအစီအရင်အကြောင်းကို ကိုကြီးချမ်းအေးကပဲ စပြီး ပြောစမ်းပါဗျာ"။

"ဒီလိုလေ ကိုကြီးစိန်ခိုရဲ့၊ အုတ်မြစ်တော်စီမင်္ဂလာမကျင်းပခင် အရင်ကြိုတင်ပြီး လုပ်ရမှာတွေရှိတယ်။ ရတနာအုတ်မြစ်တွေစီမယ့် အလယ်ခေါင်မှာ မဏ္ဍပ်တစ်ဆောင်၊ အရပ်လေးမျက်နှာမှာ မဏ္ဍပ်လေးဆောင်၊ ထောင့်လေးထောင့်မှာ မဏ္ဍပ်လေးဆောင်၊ စုစုပေါင်း မဏ္ဍပ် ကိုးဆောင်တို့ကို ကြိုတင်ပြီး ဆောက်လုပ်ရမယ်"။

"မဏ္ဍပ်တွေ ဆောက်လုပ်ပြီးတော့ ဘာတွေဆက်လုပ်ရမှာလဲ ကိုကြီးချမ်းအေးရဲ့"။

"ဒီလိုလေ ကိုကြီးကြာခိုင်ရဲ့။ အလယ်မဏ္ဍပ်မှာ ဘုရားကိုးဆူအတွက် ကန်တော့ပွဲ တစ်ပွဲ၊ ဂြိုဟ်ကြီး ကိုးလုံးတို့အတွက် ကန်တော့ပွဲ တစ်ပွဲတို့ကို ထိုးထားရမယ်။ ပြီးတော့ အရှေ့မြောက်တနင်္ဂနွေထောင့်မဏ္ဍပ်မှာ ဂဠုန်မင်းအတွက် ကန်တော့ပွဲ တစ်ပွဲ၊ အရှေ့ တနင်္လာအရပ်မဏ္ဍပ်မှာ သိဒ္ဓိရှင်ဝိဇ္ဇာဓိုရ် ရသေ့ရှစ်သောင်းအတွက် ကန်တော့ပွဲ တစ်ပွဲ၊ အရှေ့တောင် အင်္ဂါထောင့်မဏ္ဍပ်မှာ ဗြဟ္မာမင်းကြီးနဲ့ သိကြားမင်းကြီးအတွက် ကန်တော့ပွဲ တစ်ပွဲ၊ တောင် ဗုဒ္ဓဟူးအရပ်မဏ္ဍပ်မှာ မိုးနတ်သားနဲ့ လေနတ်သားအတွက် ကန်တော့ပွဲတစ်ပွဲ၊ အနောက်တောင်စနေထောင့်မဏ္ဍပ်မှာ နဂါးမင်းကြီးအတွက် ကန်တော့ပွဲ တစ်ပွဲ၊ အနောက် ကြာသပတေးအရပ် မဏ္ဍပ်မှာ ဝသုန္ဒရေမြေစောင့် နတ်မင်းကြီးအတွက် ကန်တော့ပွဲ တစ်ပွဲ၊ အနောက်မြောက်ရာဟုထောင့် မဏ္ဍပ်မှာ သာသနာစောင့် ယက္ခသေနာပတိနတ်ဘီလူးမင်းကြီးအတွက် ကန်တော့ပွဲ တစ်ပွဲ၊ မြောက် သောကြာအရပ်မဏ္ဍပ်မှာ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ်မင်းကြီးများအတွက် ကန်တော့ပွဲ တစ်ပွဲနဲ့ ဒေသန္တရနတ်မင်းများအတွက် ကန်တော့ပွဲ တစ်ပွဲတို့ကို စီမံထားကြရမယ်"။

"အဲ့ဒီလို စီမံပြီးတော့ ဘာတွေဆက်လုပ်ရမှာလဲ ကိုကြီးချမ်းအေးရဲ့"။

"ဒီလိုလေ ကိုကြီးဖိုးမှိုင်းရဲ့၊ မဏ္ဍပ်တွေ ကန်တော့ပွဲတွေ ပြင်ဆင်ပြီးတာနဲ့ ဗလိပူဇာပွဲမင်္ဂလာကို သုံးရက်တိုင်တိုင် ကျင်းပရမယ်ဗျ"။

"ပထမရက်မှာ ဘုရားကိုးဆူဆွမ်းကပ်ခြင်းနဲ့ ဂြိုဟ်စာ ကျွေးမွေးခြင်းများ လုပ်ရမယ်။ အဲ့ဒီရက်မှာ အုန်းဆွမ်းဖြစ်စေ၊ နို့ဆွမ်းဖြစ်စေ၊ ထောပတ်ဆွမ်းဖြစ်စေ တစ်မျိုးတည်းဖြစ်ဖြစ်၊ သုံးမျိုးလုံးဖြစ်ဖြစ် ဆွမ်းတော်တွေ ပါရမယ်။ ပြီးတော့ သစ်သီးသုံးမျိုး၊ မုန့်သုံးမျိုး၊ ယိုသုံးမျိုး၊ ပန်းသုံးမျိုးတို့လည်း ပါရမယ်"။

"ပထမရက်ပြီးတော့ကော ကိုကြီးချမ်းအေးရဲ့"။

"ဒုတိယရက်ကတော့ မဏ္ဍပ်ရှစ်ဆောင်အတွင်း ရှိ နတ်မင်းကြီးများကို ဗလိနတ်စာ ကျွေးမွေးပူဇော်ရမယ် ကိုကြီးတုတ်ပေါ်ရဲ့။ ဗလိနတ်စာကျွေးမွေးပူဇော်တဲ့အခါမှာလည်း အုန်းထမင်း၊ နို့ထမင်း၊ ထောပတ်ထမင်း တစ်ခုခုစီပါရပြီး သစ်သီးသုံးမျိုး၊ မုန့်သုံးမျိုး၊ ယိုသုံးမျိုး၊ ပန်းသုံးမျိုးတို့ကလည်း ပါရမယ်ဗျ"။

"ဒါဆိုရင် တတိယရက်မှာတော့ ဘာတွေလုပ်ရမှာလဲ ကိုကြီးချမ်းအေးရဲ့"။

"ပြောပါ့မယ် ကိုကြီးကြွက်ချီးရာ။ တတိယရက်မှာတော့ နဂါးစာကျွေးရမယ်ဗျ။ အနောက်တောင် စနေထောင့် မဏ္ဍပ်အတွင်းမှာ တွင်းတစ်တွင်း တူးရမယ်။ အရင်ဆုံးတူးရတဲ့မြေကို တွင်းရဲ့ ညာဘက်ဘေးမှာ ပုံထားရမယ်။ ဒုတိယတူးလို့ရတဲ့မြေကိုတော့ တွင်းရဲ့ဘယ်ဘက်ဘေးမှာ ပုံထားရမယ်။ အဲ့ဒီလို နဂါးစာကျွေးဖို့ တွင်းတစ်တွင်း တူးပြီးတာနဲ့ နို့သာပုဂ္ဂက်ပျောသီး သုံးလုံး၊ ပေါက်ပေါက်ဆုပ် သုံးဆုပ်၊ ပျားရည် သုံးဖွန်းတို့ကို ရောနယ်ပြီး နဂါးစာကျွေးမယ့် တွင်းထဲကို ထည့်ရမယ်။ အဲ့ဒီလို ထည့်ပြီးတာနဲ့ ပထမတူးထားတဲ့ တွင်းရဲ့ ညာဘက်က မြေတွေနဲ့ဖို့ရမယ်။ ပြီးမှ ဒုတိယတူးထားတဲ့ တွင်းရဲ့ ဘယ်ဘက်က မြေတွေနဲ့ ဖို့ရမယ်။ အဲ့ဒါဟာ နဂါးစာကျွေးတာပဲဗျ"။

"နဂါးစာကျွေးပြီးရင်ကော ကိုကြီးချမ်းအေးရဲ့"။

"ဒီလိုလေ ကိုကြီးပိန်ရဲ့၊ နဂါးစာကျွေးပြီးတာနဲ့ လောကီ၊ လောကုတ္တရာနှစ်ဖြာပေါင်းစပ်ထားတဲ့ မြေသန့်မင်္ဂလာပြီးသွားပြီလို့ ပြောနိုင်ပြီပေါ့ဗျာ။ အဲ့ဒီလို မြေသန့်မင်္ဂလာ၊ လောကီအစီအရင် မင်္ဂလာ၊ ပန္နက်တော်တင်မင်္ဂလာ၊ တွင်းတော်ဝင်းမင်္ဂလာ၊ အုတ်မြစ်တော်စီ မင်္ဂလာတွေ အစီအစဉ်အတိုင်း ပြီးသွားတာနဲ့ ဌာပနာတော်သွင်းမင်္ဂလာများ ပြုလုပ်ရမယ်ဗျ။ အဲ့ဒီ ဌာပနာသွင်းမင်္ဂလာအကြောင်းကိုတော့ ကိုကြီးစိန်မြကပဲ ရှင်းပြပါဦးဗျာ"။

"ရှင်းပါ့မယ် ကိုကြီးကျောက်ဖူးရယ်၊ ဌာပနာသွင်းတယ်ဆိုတာ အဆင့် သုံးဆင့်ရှိတယ်ဗျ။ မူလဌာပနာ၊ အလယ်ဌာပနာ၊ အထက်ဌာပနာတို့ပဲပေါ့"။

"မူလ ဌာပနာအကြောင်း အရင်သိချင်တယ် ကိုကြီးစိန်မြရယ်"။

"မူလဌာပနာတိုက်ဆိုတာ စေတီရဲ့ အကြီးအသေးကိုလိုက်ပြီး တည်ဆောက်ရတာဗျ။ မူလဌာပနာတိုက်ကို သတ္တဌာနဌာပနာတိုက်လို့လည်း တချို့က ပြောကြသေးတယ်။ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို ဌာပနာတိုက်၏ အလယ်ခေါင်မှာ ထားရမယ်။ ဗုဒ္ဓရဲ့ရုပ်ပွားတော်ကို အရှေ့အရပ်မျက်နှာလှည့်ထားရမယ်။ အရှေ့မြောက်ထောင့်အရပ်မှာ မတ်ရပ်ရုပ်ပွားတော်ကို ဗောဓိပင်ဆီ မျက်နှာလှည့်ပြီးထားရမယ်။ အရှေ့တည့်တည့်အရပ်မှာ အဇပါလညောင်ပင် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်ဆီ မျက်နှာလှည့်ပြီးထားရမယ်။ အရှေ့တောင်ထောင့်အရပ်မှာ မုစလိန္ဒဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်ဆီ မျက်နှာလှည့်ပြီးထားရမယ်။ တောင်တည့်တည့်အရပ်မှာ ရာဇာယတနလင်းလွန်းပင်နဲ့ ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်ဆီမျက်နှာလှည့်ပြီးထားရမယ်။ အနောက်မြောက်ထောင့်အရပ်မှာ ရတနာဃရရွှေအိမ်နဲ့ ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်ဆီ မျက်နှာလှည့်ပြီး ထားရမယ်။ မြောက်တည့်တည့်အရပ်မှာ ကြာပွင့်ပေါ်၌ စင်္ကြံလျှောက်နေသော ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်ဆီ မျက်နှာလှည့်ပြီးထားရမယ်"။

"ဒါဆိုရင် မူလဌာပနာတိုက် ပြီးရောလား ကိုကြီးစိန်မြရဲ့"။

"ပြီးပြီလို့လည်း ပြောလို့ရတယ် ကိုကြီးရာပြန်ရေ။ ထည့်မယ်ဆိုရင်တော့လည်း ထည့်လို့ရတာတွေ ရှိသေးတယ်။ ဒီပင်္ကရာမြတ်စွာဘုရားထံတော်ပါးမှာ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူတဲ့ပုံ၊ သုမိတ္တာသူဌေးသမီး ကြာပန်းကပ်လှူတဲ့ပုံ၊ သဟမ္ပတိဗြဟ္မာမင်းကြီးက တရားဟောရန် တောင်းပန်နေတဲ့ပုံ၊ တပုဿ၊ ဘလ္လိက ညီနောင်တို့အား မြတ်စွာဘုရားက ဆံတော်ရှစ်ဆူကို ပေးသနားတော်မူပုံတို့ကိုလည်း ထည့်သွင်း ဌာပနာထားနိုင်ပါသေးတယ်ဗျာ"။


"နေပါဦး ကိုကြီးစိန်မြရဲ့၊ ဆံပင်များ၊ သစ်သားဘီးများ၊ သစ်သားရုပ်တုများ၊ ထန်းဖူးဇာတာများ၊ ပိုးပဝါစတဲ့ အဝတ်အထည်များကို ဌာပနာ မသွင်းရဘူးဆိုတာ ဟုတ်သလားဗျာ"။


"ဟုတ်မှ ဟုတ်ဗျာ ကိုရင်ကြွက်ချီးရာ။ အလယ်ဌာပနာသွင်းတာကိုတော့ ကိုကြီးဖိုးသိုင်းကပဲ လင်းစမ်းပါဦးဗျာ"။


"အလယ်ဌာပနာသွင်းတဲ့အခါ ရှေးဦးစွာ မူလဌာပနာသွင်းတဲ့အတိုင်း သွင်းရမယ်။ ပြီးမှ ဂေါတမဗုဒ္ဓရဲ့ ဇာတာကို ရွှေပြား၊ ငွေပြား၊ ကြေးပြားတွေမှာ ရေးပြီးထည့်သွင်းရမယ်"။

"ဗုဒ္ဓဂေါတမရဲ့ ဇာတာတော်ပုံကို သိချင်တယ် ကိုကြီးဖိုးသိုင်းရာ"။

"သိအောင် ရေးပြပါ့မယ် ကိုကြီးကြွက်ချီးရာ၊ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်မှာ ဘုရားအဖြစ်ရခဲ့တဲ့ ဂေါတမဗုဒ္ဓရဲ့ နမူနာ ဇာတာပုံက ဒီလိုပါ-




"ဇာတာပုံသွင်းပြီးတာနဲ့ ပြီးရောလား ကိုကြီးဖိုးသိုင်းရဲ့"။

"မပြီးသေးဘူး ကိုကြီးစာကြွားရဲ့။ ဌာပနာတိုက်ရဲ့အရှေ့ဘက်နံရံမှာ ဓတရဋ္ဌနတ်မင်းကြီးရဲ့ ပုံနဲ့ ပုရတ္ထိမသို့ဒိသာဘာဂေ၊သန္တိဘူတာ မဟိဒ္ဓိကာ၊ တေပိအမှေနုရက္ခန္တု၊ အရောဂေန သုခေနစလို့ ကြေးပြားမှာရေးပြီး ကပ်ထားရမယ်"။

"တခြား အရပ်တွေမှာကော ကိုကြီးဖိုးသိုင်းရဲ့"။

"တောင်ဘက်နံရံမှာ ဝိရူဠှကနတ်မင်းကြီးရဲ့ ပုံနဲ့ ဒက္ခိဏာသို့ ဒိသာဘာဂေ၊ သန္တိဒေဝါ မဟိဒ္ဓိကာ၊ တေပိအမှေနုရက္ခန္တု၊ အရောဂေန သုခေနစလို့ ကြေးပြားမှာရေးပြီး ကပ်ထားရမယ်။ အနောက်ဘက် နံရံမှာတော့ ဝိရူပက္ခနတ်နဂါးမင်းကြီးပုံနဲ့ ပစ္ဆိမသို့ဒိသာဘာဂေ၊ သန္တိနာဂါ မဟိဒ္ဓိကာ၊ တေပိအမှေနုရက္ခန္တု၊ အရောဂေန သုခေနစလို့ ကြေးပြားမှာ ရေးပြီး ကပ်ထားရမယ်။ မြောက်ဘက်နံရံမှာတော့ ကုဝေရနတ်ဘီလူးမင်းကြီးပုံနဲ့ ဥတ္တရသို့ဒိသာဘာဂေ၊ သန္တိယက္ခာ မဟိဒ္ဓိကာ၊ တေပိအမှေနုရက္ခန္တု၊ အရောဂေန သုခေနစလို့ ကြေးပြားမှာ ရေးပြီး ကပ်ထားရမယ်"။

အဘိုးတို့၏ စကားဝိုင်းသည် ရပ်သွား၏။ ကောင်းကင်ကို မော့ကြည့်မှ သိလိုက်ရ၏။ ဩော်... နေမင်းကြီးကား ဝင်ရောက်ပျောက်ကွယ်တော့မည်ကိုး။

**မောင်လောက**

"ပထမရက်မှာ ဘုရားကိုးဆူဆွမ်းကပ်ခြင်းနဲ့ ဂြိုဟ်စာကျွေးမွေးခြင်းများ လုပ်ရမယ်။ အဲ့ဒီရက်မှာ အုန်းဆွမ်းဖြစ်စေ၊ နို့ဆွမ်းဖြစ်စေ၊ ထောပတ်ဆွမ်းဖြစ်စေ တစ်မျိုးတည်းဖြစ်ဖြစ်၊ သုံးမျိုးလုံးဖြစ်ဖြစ် ဆွမ်းတော်တွေပါရမယ်။ ပြီးတော့ သစ်သီးသုံးမျိုး၊ မုန့်သုံးမျိုး၊ ယိုသုံးမျိုး၊ ပန်းသုံးမျိုးတို့လည်းပါရမယ်"

❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လူမှုဖူလုံရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များအား တွေ့ဆုံအမှာစကားပြောကြား

# လုပ်ငန်းခွင် လက်တွေ့လေ့လာသင်ယူကြရန်နှင့် နွေးထွေးပျူငှာစွာ စေတနာထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အတွက် ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် ဆရာဝန်(သစ်လွင်)များကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယာယီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဆေးရုံကြီး (ရန်ကုန်၊ မန္တလေး)တို့တွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များနှင့် ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အတွက် ဆရာဝန်(သစ်လွင်) ၁၄ဦး ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်နှင့် မန္တလေးတို့ရှိ အလုပ်သမားဆေးရုံကြီး၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း၊ ဌာနကြီးဆေးခန်း၊ တိုင်းရင်းဆေးကုခန်း ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့်စာချုပ်ဆေးခန်း၊ သားဖွားခန်းနှင့် ရွေ့လျားဆေးကုသယာဉ်များအပြင် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)၊ (မန္တလေး)တို့၌ ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆရာဝန်(သစ်လွင်)များအနေဖြင့် အလုပ်သမားဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့်လက်တွဲ၍ ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံများအား လုပ်ငန်းခွင်လက်တွေ့လေ့လာသင်ယူကြရန်နှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ နွေးထွေးပျူငှာစွာ စေတနာထား ဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဆေးရုံကြီး (ရန်ကုန်၊ မန္တလေး) တို့တွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

သတင်းစဉ်

## နောင်ချိုမြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြား၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများကို တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၇၄၈ ဦး ထပ်မံ၍ လာရောက်အပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅၆၇ ဦး



အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံ ဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၆ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ထို့နောက် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော် ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ ယူ-၂၀ အမျိုးသမီးအသင်း လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိ

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှအမျိုးသမီး ယူ-၂၀ ခြေစစ်ပွဲစဉ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းသည် ယနေ့တွင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၀ အမျိုးသမီး အသင်းသည် အုပ်စု(ဃ)တွင် တာမင်နစ္စတန်၊ အင်ဒိုနီးရှား၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

အာရှအမျိုးသမီး ယူ-၂၀ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မြန်မာ ယူ-၂၀ အမျိုးသမီး အသင်းသည် လာမည့် ဩဂုတ် ၆ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်းကြီးတွင် တာမင်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အာရှအမျိုးသမီး ယူ-၂၀ ခြေစစ်ပွဲစဉ်တွင် အုပ်စု(၈)ခုမှ ပထမအသင်း (၈)သင်း၊ အကောင်းဆုံး ဒုတိယ(၃)သင်းသာ ခြေစစ်ပွဲအောင်မြင်သွားမည်ဖြစ်သောကြောင့် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းအနေဖြင့် အိမ်ကွင်း၌ ပရိသတ်ရှေ့မှောက်တွင် အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

နိုင်ကမ္ဘာ



## ရှမ်းယူနိုက်တက်အသင်းနှင့် ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်း ယနေ့ ခြေစမ်းကစားမည်

မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုပြင်ဆင်မှုအနေဖြင့် ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက် အသင်းနှင့် ဩဂုတ် ၂ ရက် (ယနေ့)တွင် ခြေစမ်းကစားသွားမည်ဖြစ်သည်။

ခြေစမ်းပွဲကို ထိုင်းနိုင်ငံ၊ ဘူရီရမ်မြို့ရှိ Buriram City Stadium ၌ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ကစားသွားမည်ဖြစ်သည်။

Myanmar National League 2025-26 အမှတ်ပေးပြိုင်ပွဲနှင့် ASEAN Club Championship/Shopee Cup၊ AFC Challenge League စသည့် ပြည်ပပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန် ရှိနေသည့် ရှမ်းယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဆဋ္ဌမမြောက် နိုင်ငံခြားသားကစားသမားဖြည့်တင်းမှုအဖြစ် ထိုင်းလိဂ်၂ ကလပ် ဖရေးယူနိုက်တက်အသင်းမှ ဘရာဇီး တောင်ပံကစားသမား မားသီးယက်စ်ဆူဇာအား ခေါ်ယူအားဖြည့်ထားသည်ကိုလည်း တွေ့ရသည်။ (NGB)

